# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၁၉)ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၃.၂၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
## ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ ကိုယ်စားလှယ်များရဲ့ စာရင်းကို ဖတ်ကြား တင်ပြပါ့မယ်။

ဦးသန်းဆွေ၊ မကွေး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကျန်းမာရေး၊ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ အမျိုးသမီးကျန်းမာရေး၊ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ မိသားစုကိစ္စ၊ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု
## အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၁)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၂၅)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၃၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုဖို့ လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၅)ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ရေနံချောင်း - ငွေးကုန်း - ဝက်ချုပ် - နတ်မောက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ရေနံချောင်း - ငွေးကုန်း - ဝက်ချုပ် - နတ်မောက်လမ်းအား ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရေနံချောင်း-ငွေးကုန်း-ဝက်ချုပ်- နတ်မောက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံချောင်း- ငွေးကုန်း - ဝက်ချုပ် - နတ်မောက်လမ်းဟာ ခေတ်အဆက်ဆက် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းအဖြစ် တည်ရှိခဲ့ပြီးတော့ နှစ်ရှည်ကာလ ကြာရှည်ခဲ့သဖြင့် သွားရလာရ ခက်ခဲတဲ့လမ်း ဖြစ်ပါတယ်။ ရေနံချောင်းမြို့ကနေပြီးတော့ ငွေးကုန်းအထိ ကတ္တရာလမ်းဖြစ်ပြီးတော့ ငွေးကုန်းမှ နတ်မောက်မြို့နယ် နတ်မောက်-ပျော်ဘွယ်လမ်းအထိ မြေသားလမ်း (၂၉)မိုင်နဲ့ (၇)ဖာလုံ ရှိပါတယ်။ အဆိုပါလမ်းနဲ့ပတ်သက်လို့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ပထမအဆင့်မြေသားလမ်း၊ ဒုတိယအဆင့် ကျောက်ချောလမ်း ဖောက်လုပ်ပေးဖို့ တင်ပြချက်အရ နိုင်ငံတော် အကြီးအကဲ များနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ရဲ့ စီစဉ်လမ်းညွှန် ဆောင်ရွက်မှုဖြင့် ကျပ်သန်းပေါင်း(၃၄၉.၃)သန်းကို စည်ပင်သာယာရေးဦးစီးဌာန

ထောက်ပံ့ငွေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ မြေသားလမ်း ဖောက်လုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ထိုသို့ မြေသားလမ်းဖောက်လုပ်ပြီးစီးသွားတဲ့အတွက် ရေနံချောင်းမြို့နယ်နှင့် နတ်မောက်မြို့နယ် ပြည်သူလူထု အားလုံး ဝမ်းသာပျော်ရွှင်မဆုံး ဖြစ်ရပြီးတော့ နယ်မြေဒေသ အားလုံးမှ ပြည်သူများဟာ နိုင်ငံတော်အကြီးအကဲများနှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စု ဝန်ကြီးများနဲ့ ဝန်ကြီးဌာနမှ တာဝန်ရှိသူတွေ လမ်းဖောက်ပေးတဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေ ကိုလည်း အထူးကျေးဇူးတင်နေကြပါတယ်။ အခုဆိုလျှင် အဆိုပါလမ်းဟာ မိုးတွင်းကာလမှာ သွားလာရ အနည်းငယ် ခက်ခဲတာမှအပ မြို့နယ်အချင်းချင်း သွားလာရာမှာ ယခင်ကထက် အဆင်ပြေချောမွေ့လာပြီလည်း ဖြစ်ပါတယ်။ အဝေးပြေးဘတ်စ်ကားလိုင်းများပင် အဆိုပါ လမ်းကို အသုံးပြုပြီးတော့ နေပြည်တော်၊ ရန်ကုန်တို့ကို သွားလာအသုံးပြုနေပြီလည်း ဖြစ်ပါတယ်။ ရေနံချောင်း- ငွေးကုန်း - ဝက်ချုပ် - နတ်မောက်လမ်းနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်မယ့် ခန့်မှန်းခြေစာရင်းမှာလည်းပဲ ကျွန်တော်တို့ မြေသားလမ်း ဖောက်လုပ်ခြင်း (၃၄၉.၃) သန်း ဒါ ဆောင်ရွက်ပြီးလုပ်ငန်း ဖြစ်ပါတယ်။

ဒုတိယလုပ်ငန်းအနေနဲ့ ကျောက်ချောလမ်းခင်းခြင်း ရေနံချောင်းမြို့နယ်အပိုင်းမှာ (၇၀၄.၄)သန်း၊ နတ်မောက်မြို့နယ်အပိုင်းမှာ (၇၅၇)သန်း လျာထားပြီးလည်း ဖြစ်ပါတယ်။ နောက် ရေကျော်ကွန်ကရစ် တံတားဆောက်လုပ်ခြင်းမှာ ရေနံချောင်းမြို့နယ်ပိုင်းမှာ (၁၂.၁၂)သန်း၊ နတ်မောက်မြို့နယ်အပိုင်းမှာ (၃၃.၃)သန်း၊ နောက် ရေပွန်တံတား ဆောက်လုပ်ခြင်းမှာ ရေနံချောင်းမြို့နယ်အပိုင်းမှာ (၁၇.၁၆)သန်း၊ နတ်မောက်မြို့နယ်အပိုင်းမှာ (၇.၉၂)သန်း လျာထားပြီး ဖြစ်ပါတယ်။ နောက် သစ်သားတံတား ဆောက်လုပ်ခြင်းအနေနဲ့ (၂.၇)သန်း လျာထားပါတယ်။ စုစုပေါင်းလျာထားငွေ (၁၈၈၃.၅)သန်း လျာထားသတ်မှတ်ထားရှိပြီး ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ၎င်း (၁၈၈၃.၅)သန်းထဲမှ မြေသားလမ်းဖောက်လုပ်ခြင်း (၃၄၉.၃)သန်းကတော့ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ သို့ပါ၍ အဆိုပါလမ်းဟာ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်ရေးအတွက် လျာထားသတ်မှတ်ထားတဲ့အတိုင်း ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန်နှင့် မည်သည့်အချိန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့အတွက် ရေနံချောင်းမြို့နယ်နဲ့ နတ်မောက်မြို့နယ်မှ ပြည်သူလူထုအပါအဝင် အများပြည်သူအကျိုးငှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ် ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ထီးလင်းမြို့နယ်၊ ရေမျက်နီ - ဆင်စွယ် - ထီးလင်း ကျေးရွာချင်းဆက်လမ်းပိုင်း အသစ်ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ထီးလင်းမြို့နယ်၊ ရေမျက်နီ - ဆင်စွယ် - ထီးလင်း ကျေးရွာချင်းဆက်လမ်းပိုင်း အသစ်ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ အားလုံး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းမဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြလိုတဲ့ မေးခွန်းကတော့ ထီးလင်းမြို့နယ်၊ ရေမျက်နီ - ဆင်စွယ် - ထီးလင်း ကျေးရွာချင်းဆက်လမ်းပိုင်း အသစ်ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ ဆိုပြီးတော့ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်စွယ်ကျေးရွာဟာ ခေတ်သစ်မြန်မာ့သောင်းကျန်းမှုသမိုင်းမှာ မေ့ပျောက်ဖို့ မသင့်တဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ဒီရွာက ရွာသူ/ရွာသားများဟာ အစိုးရအဆက်ဆက်ကို အစဉ်အမြဲ သစ္စာရှိခဲ့ကြလို့ အလံနီခေတ်ကဆိုရင် ရွာလုံးကျွတ် အသတ်ခံခဲ့ရတာ ဥက္ကဋ္ဌကြီးလည်း မှတ်မိမယ် ထင်ပါတယ်။ ဒီရွာ အပါအဝင် အနီးအနားမှာရှိတဲ့ ရွာပေါင်း(၂၅)ရွာ ကျေးရွာလူဦးရေပေါင်း (၂၀၀၀၀)ကျော်ဟာ ဂန့်ဂေါ-မုံရွာ ကားလမ်းဘေးက ရေမျက်နီကနေတစ်ဆင့် (၁၂)မိုင်လောက် ဆင်စွယ်အထိကို ဝင်ရတာ ဖြစ်ပါတယ်။ ဆင်စွယ်ကနေ ထီးလင်းအထိကို တဖန် (၁၂)မိုင် ဝေးကွာပြီးတော့ အရှေ့ဘက်မှာတော့ ပုံတောင်ပုံညာနဲ့ အနောက်ဘက်မှာတော့ စစ်နှီးချောင်း၊ သန္ဒေချောင်းဆိုပြီးတော့ ချောင်း (၂)ခုက ပိတ်ဆို့ထားတဲ့အတွက်ကြောင့် ချောင်ပိတ်မိနေသလို ဖြစ်ပါတယ်။ ပွင့်လင်းရာသီမှာသာ ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေ သွားလာနိုင်ပါသော်လည်း မိုးတွင်းရောက်ပြီ

ဆိုတာနဲ့ ရှိတာသာ ချက်ပြုတ်စားသောက်ပေတော့ မြို့သွားဖို့ အလွန်ခက်ခဲပါတယ်။ အဲဒီရွာတွေက ရွာသားတွေ ကျောင်းသူ/ကျောင်းသားတွေ၊ တာဝန်ကျဝန်ထမ်းတွေဟာ သွားလာမှု ခက်ခဲကြမ်းတမ်းတဲ့ မိုးတွင်းကာလကို ရင်ဆိုင်ကျော်လွှားဖို့အတွက် ဆား၊ ငါးပိ၊ ဓာတ်ခဲ၊ ဆပ်ပြာ စသဖြင့် ကြိုတင်စုဆောင်းထားရတဲ့အလေ့ ရှိပါတယ်။ ဒီလို ချောင်ကျလို့ လမ်းပန်းဆက်သွယ်ရေး မကောင်းခဲ့လို့ အလံနီခေတ်က ရွာလုံးကျွတ်စိမ်ပြေနပြေ အသတ်ခံခဲ့ရတာ ဖြစ်ပါတယ်။

အဲဒီရွာကို ကျွန်တော် ပြီးခဲ့တဲ့လ ၂၆ ရက်နေ့က တစ်ကြိမ် ထပ်မံရောက်ရှိပါတယ်။ ဒီအတိုင်းပဲ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ သွားရလာရတာ အတော်ခက်တော့၊ ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းမှာ ရေသောက်စရာ မရှိတော့ ကျွန်တော်က သခွားသီးခင်း စောင့်နေတဲ့ အဒေါ်ကြီးတစ်ယောက်ဆီကနေ ကျွန်တော့်ကို သခွားသီး (၅၀၀)ဖိုးလောက် ရောင်းပါ။ ရေဆာလို့ဆိုပြီး ပြောတော့ ဒီအဒေါ်ကြီးက ဘာပြောလဲဆိုတော့ (၂၀၀၀)ပေးပါတဲ့ ဒီတစ်ခင်းလုံး ယူလိုက်လို့ ပြောတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ သူ့အခင်းကြီးကတော့ တကယ်တမ်း ရောင်းလိုက်ရင်တော့ (၅၀၀၀၀)ဖိုး၊ (၆၀၀၀၀)ဖိုးလောက်ရမယ်။ သခွားသီးတွေ တအား သီးနေတယ်။ ဒါပေမဲ့ အဲဒီသခွားသီးကို သူက ဈေးကွက်ကို မပို့နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လမ်းမရှိဘူး။ တကယ်လို့သာ လမ်းကောင်းရင် ဒီသခွားသီးကို ဈေးကို လွယ်လွယ်ကူကူ ထော်လာဂျီတွေ၊ ဘာတွေနဲ့ တင်ပြီးတော့ သွားရောင်းလိုက်ရင် သူဟာ (၅၀၀၀၀)လောက် ရမယ့်ကိစ္စကို ဝယ်မယ့်လူမရှိတော့ သူ့သခွားသီးခင်းကြီးကို ကျွန်တော့်ကို (၂၀၀၀)နဲ့ အပြတ်ရောင်းပါတယ်။

ဒါနဲ့ ကျွန်တော်လည်း (၂၀၀၀)ပေးပြီးတော့ (၄)၊ (၅)လုံးပဲ ယူခဲ့ပါတယ်။ ဆိုလိုတာ ကတော့ တကယ်လို့သာ လမ်းပန်းဆက်သွယ်ရေးသာ ကောင်းရင် ဒီအဒေါ်ကြီးဟာ ဈေးကို သူ့ရဲ့ ထိုက်တန်တဲ့ သူ့ရဲ့ ခြံကထွက်တဲ့ သီးနှံကို မှန်မှန်ကန်ကန် ရရှိအောင် ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုခေတ်မှာရော ဒီလိုပဲ အဲဒီလို ချောင်ကျတဲ့ ဆင်စွယ်လို ရွာမျိုးကို လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ဒဏ်ကို အဲဒီဒေသမှာရှိတဲ့ ရွာပေါင်း (၂၅)ရွာနဲ့ လူဦးရေ(၂၀၀၀၀)ကျော်ဟာ ဆက်ပြီးတော့ ခံစားစေဦးမှာလား။ အလံနီခေတ် ကျဆုံးခဲ့တာကြာပြီ ဖြစ်သော်လည်း ဆင်စွယ်ရွာ သွားလမ်းကတော့ ဆိုးရွားဆဲ

ဖြစ်ပါတယ်။ ခုလို ဒီမိုကရေစီ နိုင်ငံတော်သစ် ခေတ်သစ်ကြီးမှာ မြန်မာပြည်အလယ်ပိုင်းမှာ ဆိုင်ကယ် စီးမရတဲ့ရွာတွေ ရှိနေသေးတယ်ဆိုတာ သင့်လျော်မယ် မထင်ပါဘူး။ နွေ၊ မိုး၊ ဆောင်း သွားလို့ရတဲ့ (၄)ပေလောက် ကျယ်တဲ့ ဆိုင်ကယ်လမ်းလေး ခပ်တောင့်တောင့်လေး ရရင်ပဲ ကျေနပ်ပါပြီ။

ဒါကြောင့် ထီးလင်းမြို့နယ်၊ ရေမျက်နီ-ဆင်စွယ်၊ ဆင်စွယ်မှ ထီးလင်း ကျေးရွာချင်း ဆက်လမ်းကို ဖောက်လုပ်ဖို့ လိုအပ်ပါတယ်လို့ ကျွန်တော်အနေနဲ့ တင်ပြလိုပါတယ်။ ထီးလင်းနဲ့ ဆင်စွယ်လမ်းပိုင်းကိုတော့ ပြီးခဲ့တဲ့နှစ်က ငွေကျပ်သိန်း(၃၀)ကျခဲ့တယ်လို့ သိရပါတယ်။ အဲဒါ ကျွန်တော် သွားကြည့်လိုက်တဲ့အခါမှာ လမ်းလေးက အတိုလေးကို သိန်း(၃၀)နဲ့ ခင်းထားတာ ဆိုတာကို ကျွန်တော့်အနေနဲ့ သွားတွေ့ရတဲ့အခါမှာ ဒါကြီးကတော့ သိန်း(၃၀) မတန်ဘူးလို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။ အဲဒီမှာ ဒေသခံရွာသူရွာသားတွေနဲ့ ရပ်မိရပ်ဖများက အကယ်၍ လမ်းကို ဘတ်ဂျက်ငွေတွေ ချပေးမယ်ဆိုရင်လည်း ကျေးရွာရပ်မိရပ်ဖတွေနဲ့ လုပ်သားပြည်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဒီငွေကြေးကို ထိုက်ထိုက်တန်တန် အသုံးပြုမယ်ဆိုရင် ဒီထက်လည်း အလျားရှည်မယ်။ ဒီထက်လည်း တောင့်တင်းခိုင်မာတဲ့ လမ်းဖြစ်လိမ့်မယ်လို့ အကြံပြုကြပါတယ်။ ဒါကြောင့်မို့လို့ ထီးလင်းမြို့နယ် ဆင်စွယ်ကျေးရွာကို၊ ထီးလင်းကနေ ဆင်စွယ်ကို ဝင်တာပဲဖြစ်ဖြစ်၊ ရေမျက်နီကနေ ဆင်စွယ်ဝင်တာပဲဖြစ်ဖြစ် ဟိုဘက် (၁၂)မိုင်၊ ဒီဘက် (၁၂)မိုင် ကြားထဲမှာ ရောက်ရှိနေတဲ့ ဆင်စွယ်ကျေးရွာနဲ့ ဘေးနားမှာ ရွာပေါင်း အစိတ်လောက်မှာရှိတဲ့ ရွာတွေကို ရွာချင်းဆက် လမ်းများ နွေ၊ မိုး၊ ဆောင်း ဆိုင်ကယ်လေး စီးလို့ရရင် အဆင့်ဖြစ်တဲ့လမ်းများအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မိုးညှင်းမြို့နယ်၊ ဟိုပင် - မြို့သစ်ကလေး - နန်းမား - မိုးညှင်း - ကာတူ မြို့နှင့် ကျေးရွာချင်း ဆက်လမ်းအား ရေရှည်တိုးတက်ကောင်းမွန်ရန် မည်ကဲ့သို့ ပြင်ဆင် ထိန်းသိမ်းဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုကြောင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင် က မိုးညှင်းမြို့နယ်၊ ဟိုပင်- မြို့သစ်ကလေး - နန်းမား - မိုးညှင်း - ကာတူမြို့နှင့် ကျေးရွာချင်းဆက်လမ်းအား ရေရှည်တိုးတက်ကောင်းမွန်ရန် မည်ကဲ့သို့ ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်း မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော် မေးမယ့် မေးခွန်းကတော့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်နေ ပြည်သူများ အများဆုံး အသုံးပြုသွားလာနေကြတဲ့ မြို့နဲ့ ကျေးရွာချင်းဆက်လမ်းများဖြစ်ကြတဲ့ မိုးညှင်း - နန်းမား - မြို့သစ်ကလေး - ဟိုပင် မြို့နယ်ခွဲ၊ - မိုးညှင်း - ကာတူ ကျေးရွာလမ်းပိုင်းများ ရေရှည်တည်တံ့ခိုင်မြဲပြီး ရာသီမရွေး သွားလာနိုင်အောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီးကို ပြုပြင်တည်ဆောက်နေချိန်မှာ ဘက်ပေါင်းစုံကနေ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို လုပ်ငန်းစဉ်ချမှတ်ပြီးတော့ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်သမ္မတကြီး မိန့်ကြားတဲ့ မိန့်ခွန်းထဲမှာ မြို့ပြနဲ့ ကျေးလက် ဖွံ့ဖြိုးတိုးတက်မှု ကွာဟခြင်း မရှိစေဖို့ ကျေးလက်ဒေသဖွံ့ဖြိုးမှုနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုတဲ့

လုပ်ငန်းစဉ်(၈)ရပ်မှာ လယ်ယာထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ထုတ်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ဆိုရင် မြို့နဲ့ ကျေးရွာချင်းဆက်လမ်းဟာ မဖြစ်မနေဆောင်ရွက်ရမယ့် အချက်ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်အတွင်းရှိ မိုးညှင်းမြို့ရဲ့ မြောက်ဘက်ခြမ်းမှာဆိုရင် မိုးညှင်း - နန်းမား - မြို့သစ်ကလေး - ဟိုပင်မြို့နယ်ခွဲအထိ (၁၈)မိုင် ရှည်လျားပြီး မိုးညှင်းမြို့ရဲ့ တောင်ဘက်ခြမ်းမှာဆိုရင် မိုးညှင်း - ကာတူ ကျေးရွာအထိ (၅)မိုင်ရှည်လျားတဲ့ ကျေးရွာချင်းဆက်လမ်းကို ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနဲ့ ဒေသခံပြည်သူလူထုတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ပြီးဖောက်လုပ်ခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကြားဖြတ်တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ မိုးညှင်းမြို့ရဲ့ တောင်ဘက်ခြမ်းမှာ မိုးညှင်းကနေ ကာတူ ကျေးရွာအထိ (၅)မိုင်သာ ဖောက်လုပ် နိုင်ပါတယ်။ တကယ် ကျွန်တော်တို့ ကချင်ပြည်နယ်ရဲ့ နယ်နိမိတ် စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ထိစပ်တဲ့ နယ်နိမိတ်အထိဆိုရင် မိုင်(၂၀)ရှိပါတယ်။ ကျန်တဲ့(၁၅)မိုင်က ကာတူ ကနေ မွှာကျေးရွာ၊ နန်စီးအောင် ကျေးရွာထိအောင်ဆိုရင် (၁၅)မိုင်တိတိဟာ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နိုင်ခြင်း မရှိသေးပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံပြည်သူလူထုတို့ဟာ ယခုအခါမှာ ၎င်းကျေးရွာချင်းဆက် လမ်းများကို အသုံးပြုပြီး ကျေးလက်နေပြည်သူတို့ဟာ ကုန်စည်ကူးသန်းရေး၊ လယ်ယာ ထုတ်ကုန်ပစ္စည်းများ မြို့ပေါ်ဈေးကွက်သို့ တင်ပို့ရောင်းချရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ လူမှုစီးပွားဘဝအတွက် အသုံးပြုသွားလာနေကြပါတယ်။ သို့ပါသော်လည်း အဆိုပါ ကျေးရွာ ချင်းဆက်လမ်းကို ဖောက်လုပ်ရာမှာ လယ်ယာမြေနဲ့ ချောင်းမြောင်း များစွာကို ဖြတ်သန်း ဖောက်လုပ်ထားခြင်း၊ ဖောက်လုပ်တဲ့ သက်တမ်းကြာမြင့်မှုမရှိသေးခြင်း၊ အသုံးပြု သွားလာမှုများ များပြားခြင်းတို့ကြောင့် မိုးတွင်းကာလမှာ လမ်းမပေါ်မှာ ရေတင်ပြီးတော့ ပွက်ပေါက်ခြင်း၊ ချောင်းကူးတံတား များစွာဆောက်လုပ်ရန် လိုအပ်နေသေးခြင်းတို့ကြောင့် ရာသီမရွေးသွားလာ နိုင်ရေးအတွက် အချို့နေရာတွေမှာ များစွာခက်ခဲလျက်ရှိပါတယ်။ သို့ပါသောကြောင့် အထက်တင်ပြပါ မြို့နဲ့ ကျေး ရွာချင်းဆက်လမ်းများ ဖြစ်ကြတဲ့ မိုးညှင်း- နန်းမား - မြို့သစ်ကလေး

- ဟိုပင် မြို့နယ်ခွဲနဲ့ - မိုးညှင်း - ကာတူ လမ်းများကို ရေရှည်တည်တံ့ခိုင်မြဲရေးနဲ့ မိုးညှင်း-ကာတူ-မိုဟန်-နန်စီးအောင် လမ်းပိုင်းအထိ ရာသီမရွေး သွားလာနိုင်ရေး ကျေးရွာချင်းဆက်လမ်းများကို မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မင်းပြားမြို့နယ်၊ ပန်းမြောင်း - သောင်းခုံမော်လမ်း၊ ပန်းမြောင်း - ရွှေကျန် - ပြင်ယောင်း၊ မင်းဖူးလမ်းနှင့် ပြင်ယောင်း - အိုးပျဉ်တောင် - လက္ခ လမ်းတို့အား ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ က မင်းပြားမြို့နယ်၊ ပန်းမြောင်း - သောင်းခုံမော်လမ်း၊ ပန်းမြောင်း - ရွှေကျန် - ပြင်ယောင်း၊ မင်းဖူးလမ်းနှင့် ပြင်ယောင်း - အိုးပျဉ်တောင် - လက္ခ လမ်းတို့အား ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ကိုယ်စားလှယ်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေလို့ ဆုတောင်းရင်း ဂါရဝပြုပါတယ်။ ကျွန်တော်သည် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄) မင်းပြား မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ ဖြစ်ပါတယ်။ ကျွန်တော် မေးဖို့ မေးခွန်းကတော့ ပန်းမြောင်း - သောင်းခုံမော်လမ်း၊ ပန်းမြောင်း - ရွှေကျန် - ပြင်ယောင်း၊ မင်းဖူးလမ်း၊ ပြင်ယောင်း - အိုးပျဉ်တောင် - လက္ခလမ်း ဒီလမ်းအတွက် ဖောက်လုပ်ဖို့ အစီအစဉ် ရှိ/ မရှိ ကို မေးမြန်းခြင်းဖြစ်ပါတယ်။

ဒီလမ်းကြောင်း(၃)ကြောင်းဟာ မ.ဆ.လခေတ်တုန်းက ပြည်သူလူထုရဲ့အားနဲ့ ဖောက်လုပ်ခဲ့တဲ့ လမ်းတွေဖြစ်ပါတယ်။ ယခုအခါ အဲဒီလမ်းဟာ လုံးဝပျက်စီးသွားပါပြီ။ ရွှေကျန် က ပန်းမြောင်းရွာသို့ ကျွန်တော် လွှတ်တော် အတွေ့အကြုံကို ရှင်းလင်းဖို့ သွားတဲ့အခါ ခြေလျင် သွားခဲ့ပါတယ်။ ခြေလျင်သွားတဲ့အခါ အဲဒီလမ်းဟာ အလွန်တစ်ရာ ပျက်စီးတဲ့အတွက်ကြောင့် ရွှေကျန် မှ ပန်းမြောင်းသို့ရောက်တဲ့အခါ နေမကောင်းဖြစ်သွားပါတယ်။ တကယ်ကို ပျက်စီး

သွားတဲ့လမ်းဖြစ်ပါတယ်။ အဲဒီလမ်းကြောင်းကို ပြုပြင်ဖောက်လုပ်မယ်ဆိုရင် အဲဒီဒေသမှာ ထွက်တဲ့ကုန်စည်၊ ဥယျာဉ်ထွက်ပစ္စည်းတွေ၊ တောကထွက်တဲ့ သစ်တောထွက် ပစ္စည်းတွေ စီးဆင်းမှု လွယ်ကူဖို့ အလားအလာရှိပါတယ်။

ယခုအခါ တစ်ရွာက တစ်ရွာ ပန်းမြောင်းသို့ ဈေးရောင်းဖို့ သွားမယ်ဆိုရင် ခြေလျင်ပဲ အထုပ်အပိုးတွေကို ထမ်းပြီးတော့ သွားလာတဲ့အတွက်ကြောင့် လူတွေရဲ့ ပင်ပန်းမှု၊ အချိန်ကြန့်ကြာမှုတို့ဟာ ရှိပါတယ်။ နောက် ကျန်းမာရေးအတွက် ကျေးရွာတွေကနေ နေမကောင်းဖြစ်ရင် ပန်းမြောင်းမှာ တိုက်နယ်ဆေးရုံရှိပါတယ်။ တိုက်နယ်ဆေးရုံကို သွားဖို့ ဆိုရင်လည်း အလွန်တစ်ရာ ခက်ခဲပါတယ်။ ပညာရေးအရဆိုရင်လည်း ပန်းမြောင်းမှာ အထက်တန်းကျောင်း ရှိတယ်။ အဲဒီအထက်တန်းကျောင်းကို သွားပြီးတော့ ပညာသင်ဖို့အတွက် အလွန်တစ်ရာ ခက်ခဲပါတယ်။ တကယ်လို့သာ လမ်းဖောက်ခဲ့ရင် အဲဒီ လူမှုစီးပွားရေးဘဝဟာ တိုးတက်လာမယ်။

ကျွန်တော် ငယ်ငယ်တုန်းကစပြီးတော့ အခုထက်ထိ အဲဒီဒေသမှာ စက်ဘီးတောင် မမြင်ဖူးပါဘူး။ အသက်(၇၀)ကျော်ပါပြီ။ အခုထက်ထိ မော်တော်ကားလည်း မမြင်ဖူးဘူး။ မော်တော်ဆိုင်ကယ်လည်း မမြင်ဖူးဘူး။ စက်ဘီးလည်း မမြင်ဖူးဘူး။ အဲဒီလောက်ခေတ် နောက်ကျတဲ့ ဒေသပဲ ဖြစ်နေတယ်။ ဒီဘက်ကို ကြည့်လိုက်တဲ့အခါ နတ်ပြည်လိုပဲ နေရာတကာကို သွားလို့လွယ်တယ်။ အဲဒီမှာကျတော့ ငရဲပြည်နဲ့ အတူတူပါပဲ။ အခက်အခဲတွေ အများကြီး ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ပန်းမြောင်း - သောင်းခုံမော် လမ်းကြောင်း၊ ပန်းမြောင်း - ရွှေကျန် - ပြင်ယောင်း၊ မင်းဖူးလမ်းကြောင်း၊ ပြင်ယောင်း - အိုးပျဉ်တောင် - လက္ခလမ်းကြောင်းတို့ကို ဖောက်လုပ်ခဲ့ရင် အဲဒီပြဿနာအားလုံးဟာ အဆင်ပြေသွားမည်ဖြစ်တဲ့အတွက်ကြောင့် ဒီလမ်းကြောင်း(၃)ကြောင်းကို ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တနင်္သာရီမြို့နယ်၊ ဇဝဲ - တကူ - သာရဘွင် ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်းကို ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့် က တနင်္သာရီမြို့နယ်၊ ဇဝဲ - တကူ - သာရဘွင် ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်းကို ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းမယ့် မေးခွန်းကတော့ ဇဝဲ - တကူ - သာရဘွင် ကျေးရွာအုပ်စုချင်းဆက်လမ်း အဆင့်မြှင့်တင်ပေးရေး နှင့် ပတ်သက်ပြီးတော့ မေးမြန်းဖို့ ဖြစ်ပါတယ်။ ဒီ တနင်္သာရီမြို့နယ် ဇဝဲ - တကူ - သာရဘွင် ကျေးရွာအုပ်စု ချင်းဆက် လမ်းကို ကျွန်တော် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးက မေးမြန်းခဲ့တာကို ဒီ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့မှာ နယ်စပ်ရေးရာ ဒုတိယဝန်ကြီးက စာအားဖြင့် ပြန်လည်ဖြေကြားခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဖြေကြားတဲ့နေရာမှာ ဒီ ကျွန်တော်တို့ ဇဝဲ - တကူ - သာရဘွင်လမ်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင်မှ (၁၃)မိုင်၊ (၄)ဖာလုံ ရှိတဲ့လမ်းကို (၂)မိုင်သာလျှင်ပဲ ကျောက်ခင်းလမ်းဆောင်ရွက်ပေးမယ်လို့ ဖြေကြားထားတာ ဖြစ်တဲ့အတွက် ဒေသခံပြည်သူများရဲ့ကိုယ်စား ကျွန်တော် တော်တော်လေးပဲ စိတ်မကောင်း ဖြစ်ရပါတယ်။

ဒီ ဇဝဲ - တကူ - သာရဘွင်လမ်းကို ဒီကျေးရွာအုပ်စု (၃)ခု သာမကပဲ နောက်ထပ် ကျေးရွာအုပ်စု (၂)စုဖြစ်တဲ့ သိမ်တောကျေးရွာအုပ်စုနှင့် ကုန်းမပျင်းကျေးရွာအုပ်စုဟာလည်းပဲ မြို့ကိုသွားတဲ့နေရာမှာ ဒီလမ်းကိုပဲ အားထားပြီးသွားနေရတဲ့ အရေးပါတဲ့လမ်းတစ်ခု ဖြစ်ပါတယ်။ ဒီလမ်းဟာ (၁၃)မိုင်၊ (၄)ဖာလုံရှိတဲ့အနက်က (၃)မိုင်ကို ကတ္တရာလမ်းခင်းပြီး (၂)မိုင်ကို

ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့တာ ၁၉၉၉ ခုနှစ်၊ န.ယ.က ခေတ်ထဲက ဖြစ်ပါတယ်။ ဒီနေ့ထိ ပြန်လည်ပြင်ဆင် ထိန်းသိမ်းခြင်းကို တစ်ကြိမ်တစ်ခါမှ ပြုလုပ်နိုင်ခြင်း မရှိသေးတဲ့အတွက် ကတ္တရာလမ်းဆိုတာဟာလည်းပဲ ကတ္တရာကွယ်ပျောက်ပြီးတော့ ချိုင့်ကွက်တွေဖြစ်ပြီး ကျောက်ခင်းလမ်းအဆင့်ကို နိမ့်ကျနေပြီ ဖြစ်ပါတယ်။ ကျောက်ခင်းထားတယ်ဆိုတဲ့ လမ်းတွေဆိုတာဟာလည်းပဲ ကျောက်လုံးတွေဟာ ရေစီးနဲ့ မျောပါ၊ မြေထဲကို နစ်မြုပ်ဝင်ပြီးတော့ ကျောက်ခင်းလမ်း အဆင့်ကနေပြီး မြေသားလမ်းအဆင့်ကို ပြန်လည်ရောက်ရှိ နေပြီဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ (၈)မိုင်၊(၆)ဖာလုံမြေသားလမ်းဟာဆိုရင်လည်းပဲ နွေရာသီမှာသာ သွားလာနိုင်တဲ့ လမ်းဖြစ်ပြီး မိုးရာသီကျလို့ရှိရင် လမ်းရေကျော်ခြင်း၊ ရေနစ်မြုပ်ခြင်း၊ တောင်ပြို၊ လမ်းပိတ်ခြင်းများ၊ ဒေသခံပြည်သူများဟာ စီးပွားရေးလုပ်ငန်းအတွင်း များစွာ နှောင့်နှေးကြန့်ကြာပြီး လူမှုရေးကဏ္ဍများ တော်တော်ကို အခက်အခဲနဲ့ သွားလာနေကြရတဲ့ လမ်းဖြစ်ပါတယ်။

ဒီလမ်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဘတ်ဂျက်လျာထားတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးမယ်ဆိုရင် ကြားမှာကျန်နေတဲ့ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်ဟာ၊ (၂)နှစ်တောင် ကျန်နေပါသေးတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်ရဲ့ ဘတ်ဂျက်လျာထားချက်ကိုလည်းပဲ ပြည်ထောင်စုလွှတ်တော်မှာ အခုမှ ဆွေးနွေးဆဲ၊ ပြင်ဆင်ဆဲ၊ ညှိနှိုင်းဆဲပဲဖြစ်နေတော့ ဒီ တနင်္သာရီမြို့နယ်ရဲ့ ဇဝဲ - တကူ - သာရဘွင် ကျေးရွာချင်းဆက်လမ်းကို ၂၀၁၃-၂၀၁၄ သို့မဟုတ် ၂၀၁၄-၂၀၁၅ မှာ ရှေ့တိုးပြီး ပြင်ဆင်ဆောင်ရွက်ပေးရန်အတွက် ဒေသခံပြည်သူများရဲ့ကိုယ်စား မျှော်လင့်စောင့်စားနေတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် မေးခွန်း မေးမြန်းလိုတာကတော့ ဒီ ဇဝဲ - တကူ - သာရဘွင် ကျေးရွာချင်းဆက်လမ်းကို ၂၀၁၅-၂၀၁၆ တွင် လျာထားခြင်းမဟုတ်ပဲ ၂၀၁၃-၂၀၁၄ သို့မဟုတ် ၂၀၁၄-၂၀၁၅ မှာ တိုးမြှင့်ပြီး ရှေ့တိုးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ တကယ်လို့ အစီအစဉ် မရှိဘူးဆိုရင်လည်းပဲ ဘာကြောင့်ဆိုတာကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတစသယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၀။**

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စား ကျွန်တော်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေအားလုံးဟာ အခြေခံ အဆောက်အဦဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး ဆိုင်ရာများ၊ တံတားများဆိုင်ရာများ ဖြစ်တဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး သဘောပေါက်အောင် ကျွန်တော် အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။

ပထမအချက်တင်ပြလိုတာ ဒီ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျွန်တော်တို့ ဘတ်ဂျက် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးတင်ပြနေရာမှာ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အဆိုပြု လျာထားချက်ကို ကျွန်တော်တို့ ပြန်လည်ပြင်ဆင်တင်ပြနေပါတယ်။ ဒီလို တင်ပြရတဲ့ ရည်ရွယ်ချက်ကတော့ ကျေးလက်လမ်းတံတားအတွက်ကို စုစုပေါင်း ကျွန်တော်တို့ (၅၂.၆၄)ဘီလီယံခန့် တိုးမြှင့်ပြီးတော့ တင်ပြထားပါတယ်။ ဒီလိုတင်ပြရတဲ့ အဓိကအချက် ဘာလည်းဆိုရင် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် ဒီမှာ ကျွန်တော်တို့ ဖြေကြားခဲ့တဲ့ ကတိကဝတ်ဆိုင်ရာ၊ ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ၊ လမ်းတံတားလုပ်ငန်းများ၊ ဒါတွေကို တိုးမြှင့်ဆောင်ရွက်ပေးဖို့ တိုးမြှင့်ပြီးတော့ လျာထားတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီ တင်ပြထားတဲ့ တိုးမြှင့်လျာထားချက်အပေါ်မှာ ပြည်ထောင်စုလွှတ်တော် အတည်ပြုချက် ရရှိတာနဲ့ တစ်ပြိုင်တည်း ယခု ကျွန်တော် ဖြေကြားမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တင်ပြပါ လုပ်ငန်းတွေနဲ့ ပတ်သက်လို့ အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း ဦးစွာ တင်ပြလို ပါတယ်။

ယခု မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ မေးခွန်းနဲ့ ပတ်သက်လို့လည်းပဲ ကျွန်တော် ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်း-ဌေးကုန်း- ဝက်ချုပ်- နတ်မောက်လမ်းဟာ ရေနံချောင်း မြို့နယ်နဲ့ နတ်မောက်မြို့နယ်အား ဆက်သွယ်ထားပြီးတော့ ရေနံချောင်းပိုင်းက

(၁၄)မိုင်၊(၃)ဖာလုံ နှင့် နတ်မောက်မြို့နယ်အပိုင်းတွင် (၁၅)မိုင်၊ (၄)ဖာလုံ စုစုပေါင်း (၂၉)မိုင်၊ (၇)ဖာလုံ ရှိတဲ့ မြေသားလမ်းဖြစ်ပါတယ်။ ဒီလမ်းနဲ့ ပတ်သက်လို့လည်းပဲ ကျွန်တော်တို့ ရေနံချောင်း-ငွေးကုန်း- ဝက်ချုပ်- နတ်မောက်လမ်းပေါ်မှာရှိတဲ့ ဒီ တံတား ဆောက်လုပ်ရန် အတွက်ကို (၆၉)သန်းနဲ့ ကွန်ကရစ်ရေပြွန် တံတား(၄၇)စင်းနဲ့ ငွေကျပ်(၄၇)သန်းကို ပြီးခဲ့တဲ့ ၂၀၁၂-၂၀၁၃ မှာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ဖြည့်စွက်ရန်ပုံငွေမှာ လျာထားပေးပြီးတော့ ယခုဘဏ္ဍာရေးနှစ် အပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။

ဒီလိုလမ်းပေါ်မှာ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေအနေနဲ့ကတော့ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အထဲမှာ ဒီ (၂၉)မိုင်(၇)ဖာလုံအတွက်ကို ကျပ်သန်း (၁၃၀၆.၄၃)သန်းနဲ့ ကွန်ကရစ်ရေကျော်(၂)စင်းအတွက်ကို ကျပ်(၈.၂)သန်း စုစုပေါင်း (၁၃၀၀)သန်းကျော် ကျွန်တော်တို့ လိုအပ်မှာဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကနေမှ ခုန ၂၀၁၃-၂၀၁၄ ခုမှာ ကျောက်ချောလမ်း ဖောက်လုပ်ခြင်း (၃)မိုင်အတွက်ကိုတော့ ကျွန်တော်တို့ ကျပ်(၁၃၁.၁၉)သန်း တိုးမြှင့်လျာထား ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်းနဲ့ လာမယ့် ၂၀၁၃-၂၀၁၄ ရဲ့ ဘဏ္ဍာရေးနှစ် (ဖြည့်စွက်)ရန်ပုံငွေမှာ ဆက်လက်ပြီးတော့ ဒီ ကျောက်ချောလမ်း (၁၁)မိုင်၊ (၇)ဖာလုံအတွက်ကို ကျပ်သန်း(၅၁၉.၂)သန်း လျာထားပေးပြီးတော့ ကွန်ကရစ်ရေကျော် တံတား(၂)စင်း အပါအဝင် (၈.၂၅)သန်း၊ စုစုပေါင်း ကျပ်ငွေအားဖြင့် (၅၂၇.၅၄)သန်း ဖြည့်စွက်မှာ ထည့်သွင်းလျာထား ပေးပြီး ဖြေကြားအပ်ပါတယ်။ ကျန်ရှိတဲ့ (၁၅)မိုင်ကိုတော့ လာမယ့် ၂၀၁၄-၂၀၁၅ ခုနှစ်မှာ လျာထားပြီးတော့ အဲဒီလျာထားချက်ပေါ်မှာ မူတည်ပြီးတော့ ခွင့်ပြုချက်ရတဲ့အခါမှာ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလှဆွေ ရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ ထီးလင်းမြို့နယ်၊ ရေမျက်နီ - ဆင်စွယ် - ထီးလင်း ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။ ဒီလမ်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ရေမျက်နီနဲ့ ဆင်စွယ် - ထီးလင်းလမ်းဟာ ထီးလင်းလမ်းမှ ဆင်စွယ်အထိ(၁၂)မိုင် ရှိပါတယ်။ ဆင်စွယ်ကလည်းပဲ ရေမျက်နီအထိကို(၁၂)မိုင် ရှိပါတယ်။ စုစုပေါင်းအားဖြင့်တော့

(၂၄)မိုင်ရှိပြီးတော့ လမ်းရဲ့ လက်ရှိအခြေအနေမှာ ကျွန်တော်တို့ ထီးလင်းကနေ ဆင်စွယ်အထိ (၁၈)ပေ အကျယ် တစ်ကြောင်းထိုးမြေသားလမ်းနဲ့ ဆင်စွယ်မှ ရေမျက်နီအထိကို (၁၄)ပေ အကျယ် တစ်ကြောင်းထိုးမြေသားလမ်းဖြစ်ပါတယ်။

ယခင် မြို့နယ်စည်ပင်သာယာရေး အစီအစဥ်များနဲ့ ဖောက်လုပ်ပေးပြီးသော လမ်းများလည်း ဖြစ်ပါတယ်။ သို့ရာတွင် ကျေးရွာပေါင်း(၂၁)ရွာရယ်၊ ပြည်သူလူထု (၉၀၀၀)ကျော်ရဲ့ အကျိုးပြုနေတဲ့လမ်းဖြစ်တဲ့အတွက် ဒီလာမယ့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဖြည့်စွက်ရန်ပုံငွေမှာ ဆင်စွယ်- ရေမျက်နီ လမ်းပိုင်းကို (၅)မိုင်(၂)ဖာလုံ ဖောက်လုပ်ပေးပါမယ်၊ အဲဒီအတွက်ကို လျာထားတာကတော့ (၅၇)သန်း လျာထားပါတယ်။ ထီးလင်းမှ ဝါးရင်းချိုင်လမ်းပိုင်းထိကိုတော့ ကျောက်လမ်း (၁)ဖာလုံအတွက်ကို ကျွန်တော်တို့ ကျပ်ငွေ(၃)သန်းခန့် လျာထားပြီးတော့ မြို့နယ်စည်ပင်သာယာရေး အနေနဲ့လည်း ပြည်နယ်/တိုင်းဒေသကြီး အစီအစဥ်နဲ့ ခွင့်ပြုချက်ရရှိပြီးဖြစ်တဲ့အတွက် ဒါ အပြီး ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။

ဒီဟာကို ဆက်လက်ဆောင်ရွက်ဖို့ကျန်တဲ့ (၁၈)မိုင်၊(၅)ဖာလုံ ဖောက်လုပ်ခြင်းအတွက် ကတော့ ကျပ်ငွေ(၁၈၈.၃)သန်း၊ ကျောက်ချောလမ်း(၂၃)မိုင်၊(၇)ဖာလုံအတွက်က (၁၀၄၄.၀၅)သန်း၊ သစ်သားတံတား(၂)စင်းအတွက်က (၂၄)သန်း၊ စုစုပေါင်း ငွေကျပ်(၁၂၅၆.၃)သန်း ကုန်ကျမှာ ဖြစ်တဲ့အတွက် ဒီ ကျွန်တော်တို့ လာမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မြေသားလမ်း(၅)မိုင် ပါရှိပါတယ်။ သူက (၅၀.၅၅)သန်း သုံးစွဲပြီးတော့ ထပ်ပြီးတော့ ကျွန်တော်တို့ ဖြည့်စွက်မှာ မြေသားလမ်း(၁၃)မိုင်၊ (၅)ဖာလုံ ဖောက်လုပ်ပေးမှာဖြစ်တဲ့အတွက် စုစုပေါင်း (၁၃၇.၇)သန်း၊ ကျောက်ချောလမ်းအားဖြင့်တော့ (၁၂)မိုင် ဖောက်လုပ်ခြင်း အတွက်ကို ကျပ်(၅၂၄.၇၆)သန်း၊ စုစုပေါင်း (၆၆၂.၅၁)သန်း လျာထားပြီး တင်ပြထားဆဲ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျောက်ချောလမ်းကိုလည်းပဲ (၁၁)မိုင်နဲ့ (၇)ဖာလုံ ဆက်လက်ဖောက်လုပ်ဖို့ လျာထားပြီးတော့ ကျပ်သန်းပေါင်း(၅၁၉.၂၉)သန်း၊ သစ်သားတံတား(၂)စင်း (၂၄)သန်း၊ ပေါင်း(၅၄၃.၂၉)သန်းဖြင့် လျာထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီလမ်းများ ဖောက်လုပ်ရေးကို ဆောင်ရွက်ရာမှာလည်းပဲ အဓိကကျတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာဖြစ်တဲ့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းထားပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းကော်မတီများနဲ့လည်း ဒါ ညှိနှိုင်းဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ဒေသခံ ပြည်သူလူထုများကလည်း ဒီကော်မတီများမှာ ပါဝင်ပြီးတော့ တင်ပြထားတဲ့ နှစ်အလိုက်ရည်မှန်းချက်၊ လျာထားတဲ့ စီမံကိန်းတွေ အောင်မြင်အောင် အားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ တင်ပြရင်း ယခုဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါတယ်။

ဆက်လက်ပြီးတော့ တတိယမေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစိုင်းတင်အောင် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ မိုးညှင်းမြို့နယ်၊ ဟိုပင် - မြို့သစ် ကလေး - နန်းမား - မိုးညှင်း - ကာတူ ကျေးရွာချင်းဆက်လမ်းအား ရေရှည်တိုးတက် ကောင်းမွန်အောင် မည်သို့ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်ပေးနိုင်မည်ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီလထဲမှာလည်း ကျွန်တော်တို့ မိုးညှင်းမြို့ကို ရောက်ရှိခဲ့ပါတယ်။ ကျေးလက်ဒေသလမ်း ဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာ ပြည်နယ်အစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုတင်ပြတဲ့လမ်းဟာလည်းပဲ မိုးညှင်းမြို့နယ်နဲ့ ဟိုပင်မြို့နယ်၊ မြို့သစ်ကလေး - နန်းမား - မိုးညှင်း - ကာတူစသည်ဖြင့် ဆက်သွယ်ပေးတဲ့ ကျေးလက် လမ်းလေးဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ အားလုံးပေါင်းအနေနဲ့ နန်းမား - မိုးညှင်းလမ်းပိုင်းမှာ (၁၇)မိုင်၊ ရှိပြီးတော့ မိုးညှင်း- ကာတူလမ်းပိုင်းမှာတော့ (၅)မိုင်၊(၄)ဖာလုံ စုစုပေါင်း (၂၃)မိုင်ကျော်ခန့် ရှိပါတယ်။

လက်ရှိအခြေအနေကတော့ ကျောက်လမ်းက(၂)မိုင်၊ (၂)ဖာလုံပဲ ပြီးသေးပြီးတော့ သဲကျောက်ခင်းလမ်းက (၂)မိုင်၊(၁)ဖာလုံ၊ ကျန်တာ မြေသားလမ်း တွေပဲဖြစ်ပါတယ်။ ဒီလမ်းတွေနဲ့လည်းပဲ ကျွန်တော်တို့ ရထားလမ်းပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာများအနေနဲ့ လူဦးရေပေါင်း တစ်သောင်းခြောက်ထောင်ကျော်ကို ကျေးဇူးပြုနေတဲ့ လမ်းလည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီနှစ်၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်က ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှာ ကျောက်ချောလမ်းက (၂)မိုင်၊(၇)ဖာလုံ ဖောက်ပါတယ်။ အဲဒီအတွက်ကို (၁၄၂.၈)သန်း၊ နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ရန်ပုံငွေ လေးကတော့ ကျောက်ချောလမ်းကို (၄)ဖာလုံ ဖောက်နိုင်တဲ့အတွက် ပြီးခဲ့တဲ့နှစ်ကတော့ (၂၃.၁၇)သန်းနဲ့ ဒါကျွန်တော်တို့ ဒီ ဘတ်ဂျက်အကုန် ၂၀၁၂- ၂၀၁၃ အပြီးမှာ ဒါ ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ထပ်မံပြီးတော့ တင်ပြတဲ့ မေးမြန်းတာနဲ့ ပတ်သက်လို့ကတော့ ကျန်ရှိနေတဲ့ လမ်းပိုင်း (၁၇)မိုင်၊ (၃)ဖာလုံအတွက်ကို ကျပ်သန်းပေါင်း (၈၆၃.၀၂)သန်း ကုန်ကျမှာဖြစ်ပါတယ်။ ဒါကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကနေ လာမယ့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းကို (၆)မိုင်၊ (၂)ဖာလုံ ဖောက်လုပ်ပြီးတော့ ကျပ်သန်းပေါင်းအားဖြင့် (၃၁၀.)ကျော်သုံးစွဲဖို့ လျာထားပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ထဲပဲ ထပ်ပြီးတော့ ဖြည့်စွက်ပြီးတော့ ကျောက်ချောလမ်းကို (၂)မိုင်၊ (၆)ဖာလုံ ထပ်ဖောက်လုပ်ပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာ ၂၀၁၃-၂၀၁၄ မှာတင် ကျွန်တော်တို့ ကျောက်ချောလမ်းကို (၈)မိုင်နဲ့ အားလုံး (၉)မိုင်နီးပါး ဖောက်လုပ်ပေးမှာ ဖြစ်ပြီးတော့ လာမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ (၈)မိုင်၊ (၃)ဖာလုံ ဆက်လက် ဖောက်လုပ်ရန်အတွက်ကို ကျပ်ငွေသန်းပေါင်း (၄၁၅.၉၉)သန်းကို နှစ်အလိုက် လျာထားစီမံဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားပါမယ်။ မင်းပြားမြို့နယ်၊ ပန်းမြောင်း - သောင်းခုံမော်လမ်း၊ ပန်းမြောင်း - ရွှေကျန် - ပြင်ယောင်း၊ မင်းဖူးလမ်းနှင့် ပြင်ယောင်း - အိုးပျဉ်တောင် - လက္ခ လမ်းကြောင်းအား ဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။ မင်းပြားမြို့နယ်မှာရှိတဲ့ ပန်းမြောင်း - သောင်းခုံမော် လမ်းဟာ အရှည်(၁၃)မိုင်၊ (၃)ဖာလုံ ရှိတဲ့ မြေသားလမ်းပဲဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ တုန်းက ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ကျပ်သန်း (၂၀)နဲ့ မြေသားလမ်း ပြုပြင်ခြင်းနဲ့ ရေပြွန်(၃)စင်း ဆောက်လုပ်ခြင်းတို့ကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး မေးမြန်းချက်အရ ဆောင်ရွက်ပေးခဲ့ပါတယ်။

အဆိုပါလမ်းအရှည် (၁၃)မိုင်၊(၃)ဖာလုံအနက်မှာ အပိုင်းလိုက်ပျက်စီးနေတဲ့ အရှည် (၄)မိုင်ကို မြေသားလမ်းပြုပြင်ဖို့ ကျပ်သန်း(၁၀၀)၊ ရေပြွန်(၄၁)စင်းနဲ့ သစ်သားတံတား တည်ဆောက်ဖို့အတွက် (၉၇.၄)သန်း အားလုံးပေါင်း (၁၉၇.၄)သန်းကုန်ကျမှာ ဖြစ်ပါတယ်။ အဲဒီတော့ ပန်းမြောင်း - သောင်းခုံမော်လမ်း ကျေးရွာ(၁၈)ရွာ ရှိပြီးတော့ လူဦးရေကလည်းပဲ (၂၁၀၀၀)ကျော် ရှိတဲ့အတွက် ဒီလမ်းရဲ့ မြေသားလမ်း(၄)မိုင်ကို ပြုပြင်ခြင်းနဲ့ တံတား တည်ဆောက်ခြင်းအတွက်ကို ကုန်ကျငွေအားလုံးဟာ(၁၉၇.၄)သန်း ဖြစ်တဲ့အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ လျာထားပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ပန်းမြောင်း - ရွှေကျန် - ပြင်ယောင်း၊ မင်းဖူးလမ်းဟာ (၁၆)မိုင်၊(၄)ဖာလုံရှိပြီးတော့ မြေသားလမ်းပျက်က(၇)မိုင်၊ ကျန်(၉)မိုင်၊(၄)ဖာလုံမှာ မြေသားလမ်းသစ် ဖောက်လုပ်ရန်ဖြစ်တဲ့အတွက် လမ်းကြောင်းပေါ်မှာရှိတဲ့ ရေပြွန် (၁၉)စင်း တည်ဆောက်ဖို့လိုအပ်ပါတယ်။ အရှည်(၇)မိုင် မြေသားလမ်း ပြုပြင်ဖို့အတွက် ကျွန်တော်တို့ လျာထားတာကတော့ (၉၈)သန်း လျာထားပါတယ်။ မြေသားလမ်း (၉)မိုင်၊ (၄)ဖာလုံ ဖောက်လုပ်ခြင်း အတွက် (၂၃၇.၅)သန်းနဲ့ ရေပြွန်(၁၉)စင်းအတွက် (၂၆.၆) သန်းပေါင်း (၃၆၂.၁)သန်း ကုန်ကျ သွားမည်ဖြစ်ကြောင်း လျာထားပါတယ်။

ဒါကြောင့်မို့လို့ ဒီလမ်းကို လာမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေမှာ ကျွန်တော်တို့ မြေသားလမ်းဖောက်လုပ်ခြင်းကို (၉)မိုင်၊ (၄)ဖာလုံနဲ့ ရေပြွန် (၁၉)စင်းအတွက်ကို ကျပ်သန်းပေါင်း(၂၆၄.၁)သန်းကို လာမယ့် ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ လျာထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျန်တဲ့ ပြင်ယောင်း - အိုးပျဉ်တောင် - လကွ လမ်းကြောင်းမှာရှိတဲ့ မြေသားလမ်းသစ်(၄)မိုင်၊ (၄)ဖာလုံ ရေပြွန် (၁၁)စင်း ဆောက်လုပ်ခြင်းနဲ့ မြေသားလမ်း ဖောက်လုပ်ခြင်းကတော့ (၁၁၂.၅)သန်းနဲ့ ရေပြွန် (၁၀)စင်း တည်ဆောက်ဖို့ (၁၄)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေအတွက်ကိုတော့ အားလုံးပေါင်း စုစုပေါင်းကတော့ (၁၂၆.၅)သန်းလောက်ပဲရှိပါတယ်။

ဒီဟာကိုလည်းပဲ ၂၀၁၄-၂၀၁၅ မှာထပ်ပြီးတော့ ကျွန်တော်တို့ လျာထားချက်ထဲမှာ၊ စီမံကိန်းထဲမှာလျာထားပြီးဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အချက်မှာ တစ်ချက်ကလေး ကျွန်တော်တို့အနေနဲ့ ပြန်လည်တင်ပြလိုတာကတော့

ဒီလမ်းတွေကို ပြန်ပြီးဆက်တဲ့အခါမှာ လက်ရှိကျေးရွာများရဲ့ စိုက်ပျိုးမြေကို ဖြတ်ရမယ့် မြေနေရာတွေ ပါရှိနေပါတယ်။ ဒီနေရာတွေ ပါရှိတဲ့ အခါမှာတော့ သက်ဆိုင်ရာ လယ်သမားများ၊ ကျေးရွာတောင်သူများရဲ့ သဘောတူညီချက် ရရှိဖို့လိုအပ်ပါတယ်။ ဒါကိုလည်းပဲ သက်ဆိုင်ရာ ကျွန်တော်တို့ ပြည်နယ်အစိုးရ နောက်ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက် ပေးသွားမှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ မေးခွန်းကိုဖြေကြားသွားမှာဖြစ်ပါတယ်။ တနင်္သာရီတိုင်း ဒေသကြီးမှာရှိတဲ့ တနင်္သာရီတိုင်းမြို့နယ် ဇဝဲ-တကူ-သာရဘွင် ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်းနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လျာထားခြင်း ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ယခင် ဒီမေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြားခဲ့ရာမှာတော့ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ထဲမှာ ကျောက်ချောလမ်း (၂)မိုင် လျာထားကြောင်း ဖြေကြားခဲ့တာ မှန်ကန်ပါတယ်။ သို့ရာတွင် ကျွန်တော်တို့ ဒီလမ်းနဲ့ ပတ်သက်လို့၊ အဆိုပါလမ်းနဲ့ပတ်သက်လို့ မြေသားလမ်းအားဖြင့်တော့ ကျွန်တော်တို့ ဒီမှာ (၈)မိုင်၊ (၆)မိုင်ကို ကျောက်ခင်းလမ်း ဆောင်ရွက်ရမှာဖြစ်တယ်။ ကုန်ကျငွေ အားဖြင့်တော့ (၄၇၂.၀၆)သန်းဖြစ်ပါတယ်။ ကျေးရွာအားဖြင့်လည်းပဲ ကျေးရွာ(၁၂)ရွာကို အကျိုးပြုမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်အတိုင်း ဒီကျန်လမ်းပိုင်း (၆)မိုင် (၆)ဖာလုံကို ဒါကျွန်တော်တို့ ဆက်ပြီးတော့ ဆောင်ရွက်မယ့်အစီအစဥ်ကို ကျွန်တော်ဒီမှာ ရှင်းလင်းဖြေကြားသွားပါမယ်။ ဒီလမ်းနဲ့ပတ်သက်ပြီးတော့ ဇဝဲ-တကူ-သာဂရလမ်းကို ဒီယခု လာမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ထဲမှာပဲ ဖြည့်စွက်ထဲမှာ ကျွန်တော်တို့ ဆောင်ရွက်ဖို့ ကျောက်ခင်းလမ်း ခင်းခြင်း (၄)မိုင်အတွက်ကို (၂၁၅.၈)သန်း လျာထားပြီးဖြစ်ပါကြောင်းနဲ့ လာမယ့် ကျန်တဲ့အပိုင်းကိုတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကျမှ ကျန်လမ်းအပိုင်း (၄)မိုင် (၆)ဖာလုံကို ဆက်လက်ကျောက်ခင်းခြင်း လမ်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေး အပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အစီရင်ခံစာ တင်သွင်းခြင်း

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်တွင် ဆွေးနွေး စဉ်းစားရန် ဥပဒေကြမ်းကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးဆွန်ဒုတ်ကျင့် (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော် ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဦးဆွန်းဒုန်ကျင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပစ္စည်း လွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာကို ရှင်းလင်းဖတ်ကြားသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို
ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာ

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်

၁။ ပြည်သူ့လွှတ်တော်က ၂၉ - ၁ -၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီးဖြစ်သော ပစ္စည်း လွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၃-၂-၂၀၁၃ ရက်နေ့တွင် အစည်းအဝေး ပြုလုပ်ပြီး အဆိုပါဥပဒေကြမ်းကို လေ့လာစိစစ်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုသည့် ဥပဒေကြမ်းတွင် အပိုဒ် ခြောက်ခု ပါရှိပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာ အပိုဒ် ခြောက်ခု၌ အစားထိုးရန်နှင့် ပယ်ဖျက်ရန် တင်ပြထားပါသည်။ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ရမည့်အစား စကားရပ်အား အစား ထိုးရန်သာ အောက်ပါအတိုင်း ပြင်ဆင်ခဲ့ပါသည် -

(က) ဥပဒေကြမ်း ပုဒ်မ ၆၉၊ ပုဒ်မခွဲ(၁) ပုဒ်မခွဲငယ်(ဂ) တွင် ဖော်ပြထားသည့် "Situate within the towns of Yangon, Mawlamyine, Pathein, Sittwe or in any other town or area which the President of the Union may by notification in the Gazette specify in this behalf ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည့်အစား Situated in any town of the Republic of the Union of Myanmar ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။ "ဟု ပြင်ဆင်ထားပါသည်။

(ခ) အခြားပြင်ဆင်ချက်များအားလုံးကို ပြည်သူ့လွှတ်တော်က သဘောတူထားကြောင်း တွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုသင့်သည်ဟု သဘောရရှိ ပါသဖြင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ကိုခံယူနိုင်ပါရန် တင်ပြအပ်ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ ။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိခဲ့သော် ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၇-၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သောပစ္စည်း အုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အစီရင်ခံစာ တင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သောပစ္စည်း အုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍

အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သောပစ္စည်း အုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးမြင့်ထွန်း (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွသော ဒုတိယဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်အစည်းအဝေးသို့ တက်ရောက် လာတဲ့ ပုဂ္ဂိုလ်များအားလုံးကို လေးစားပါတယ်။ မင်္ဂလာပါလို့လည်း နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးမြင့်ထွန်းအနေနဲ့ ဥပဒေကြမ်းကော်မတီ ကိုယ်စား ဒီဥပဒေကြမ်း တစ်ခုကို တင်ပြ အစီရင်ခံသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းက ပြည်သူ့ လွှတ်တော်က ပြီးခဲ့တဲ့လ ဇန်နဝါရီလ ၂၉ ရက်နေ့မှာ ကျွန်တော်တို့ကို ပေးပို့ခဲ့တာဖြစ်ပါတယ်။ ဒီဥပဒေကတော့ ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သောပစ္စည်း အုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းလို့ ဖော်ပြထားတာဖြစ်ပါတယ်။

ဒါကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို ပို့လာတဲ့အတွက်ကြောင့် ကျွန်တော်တို့ ကော်မတီက ယခုလ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ အစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ ပြည်သူ့ လွှတ်တော်ကတော့ ပြင်ဆင်ချက် မရှိကြောင်း အတည်ပြုပေးခဲ့တဲ့အတွက် ကျွန်တော်တို့ ဒါကို အပိုဒ်(၂)ပိုဒ်ခွဲပြီးတော့ စိစစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လေ့လာတွေ့ရှိချက်ကို ပထမ တင်ပြပါမယ်။ ကျွန်တော်တို့ အခုလို အက်ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို လေ့လာတဲ့ အခါမှာ ဒီအက်ဥပဒေဟာ ၁၉၄၅ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေ၊ ကျွန်တော်တို့ အင်္ဂလိပ်လိုတော့ (The Custodian of Movable Property Act, 1945) ဖြစ်တာတွေ့ရပါတယ်။

ဒါဟာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လို့ လက်လွတ်ဆုံးရှုံးသွားခဲ့ရတဲ့ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတွေကို ပစ္စည်းထိန်းတွေဆီကနေ ပြန်ပြီးတော့ တောင်းခံဖို့ ကာလသတ်မှတ်ထားတာ

ဖြစ်ပါတယ်။ အဲဒီကာလသတ်မှတ်ချက်ကတော့ အဲဒီဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (၂)မှာ 1st November 1948 ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ တစ်ခါ ပုဒ်မ ၉ ပုဒ်မခွဲ(၁-က)မှာလည်းပဲ 31st October 1948 ဆိုပြီးတော့လည်း ပြဋ္ဌာန်းထားပါတယ်။

ကော်မတီရဲ့သဘောထားမှတ်ချက်ကို တင်ပြပါမယ်။ အခုအခြေအနေမှာတော့ ကြည့်လို့ရှိရင် ဒီဥပဒေဟာ ကာလသတ်မှတ်ချက် တော်တော်လေးပဲ နှစ်တွေ ကျော်လွန်သွားပါပြီ။ ကိုယ်စားလှယ်ကြီးတွေဝေထားတဲ့ စာစောင်မှ မူလ ဥပဒေကြမ်း ဆိုပြီးတော့ ပါသွားတယ်။ အဲဒီတော့ Typing Error ပါခင်ဗျား။ ကြမ်းကို နည်းနည်းခြစ်ပေးလိုက်ပါ။ နှစ်ပေါင်းများစွာ ကြာလွန်တာဖြစ်တဲ့ အတွက်ကြောင့် ဒီပစ္စည်းတွေကို ပစ္စည်းထိန်းတွေဆီက ပြန်ယူဖို့ဆိုတာ၊ ပြန်တောင်းဖို့ဆိုတဲ့ အခွင့်အရေးဟာလည်း မရှိတော့ပါဘူး။ ကုန်ဆုံးသွားပြီလို့လည်း ဆိုနိုင်ပါတယ်။ ဒါတင်မကဘဲ ဥပဒေမှာ ပြဋ္ဌာန်းထားတာတွေ ခေတ်ကာလနဲ့ မညီတော့ဘူးဆိုတာ တွေ့ရတယ်။ ခေတ်ကာလနဲ့ မဆီလျော်တော့ဘူးဆိုတာ တွေ့ရတယ်။ မသုံးတာလည်း တော်တော် ကြာသွားပြီဖြစ်ပါတယ်။ နောက်လည်း သုံးစရာ အကြောင်းမရှိတော့ပါဘူး။ ဒါကြောင့်မို့ ဒီဥပဒေ ရုပ်သိမ်းလိုက်တဲ့ ဥပဒေကြမ်းကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်က အတည်ပြု ပေးနိုင်ဖို့လို့ ဥက္ကဋ္ဌကြီးက တစ်ဆင့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ထောက်ခံတင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သောပစ္စည်း အုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သော ပစ္စည်း အုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၇-၂-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ နယ်စပ်နှင့်တောင်တန်းဒေသများတွင် အနာဂတ်ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဗဟိုပြု လူငယ်ပျိုးခင်းသင်တန်းကျောင်း စတင်ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် တင်သွင်းထားတဲ့ နယ်စပ်နှင့်တောင်တန်းဒေသများတွင် အနာဂတ်ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဗဟိုပြု လူငယ်ပျိုးခင်းသင်တန်းကျောင်း စတင်ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် တင်သွင်းထားတဲ့ နယ်စပ်နှင့်တောင်တန်းဒေသများတွင် အနာဂတ်ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဗဟိုပြု လူငယ်ပျိုးခင်းသင်တန်းကျောင်း စတင်ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ နယ်စပ်ဒေသ ဝေးလံခေါင်းပါးသော နေရာတွေမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲတွေ၊ စာသင်ကျောင်းနဲ့ အလှမ်းကွာဝေးမှုတွေ၊ ဆရာ/ ဆရာမ မလုံလောက်မှုတွေနဲ့ ဆင်းရဲနွမ်းပါးမှု အခြေအနေ အမျိုးမျိုးတွေကြောင့် ပညာရေးမူအရ အရွယ်ရောက်တဲ့ ကလေးတိုင်းဟာ သင်ယူမှုအခွင့်အရေး ရရှိကြပေမယ့် သင်ယူနိုင်မယ့်အခွင့်အလမ်းတွေ မရရှိကြသူတွေ အများအပြားရှိနေပါတယ်။ ကျောင်းနေအရွယ် ကလေးအားလုံးအတွက် သင်ယူနိုင်မှု အခွင့်အလမ်း ရအောင်လုပ်ပေးဖို့ဟာ ပညာရေးဝန်ကြီးဌာနရဲ့ မူကလည်း ခွင့်ပြုချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်လိုကျောင်းတွေမှာ ကျောင်းနေစေမလဲဆိုတာ အလွန်အရေးကြီးပါတယ်။ ပရဟိတ လူငယ်ဂေဟာတွေ စုစည်းပြီးမှ သင်ယူမှုအခွင့်အလမ်းတွေ ဖန်တီးပေးတာတွေလည်းရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီး ဦးစောထွန်းမြအောင် ပြောသလို ကျေးလက်ဗဟိုပြုလူငယ်ပျိုးခင်းသင်တန်းကျောင်း ဖွင့်လှစ်ပြီးတော့ ပျိုးထောင်ပေးခြင်းအားဖြင့်သာ အလွန်သင့်မြတ်တဲ့၊ ကောင်းမွန်တဲ့ အဖြေရှာနည်း တစ်မျိုးဖြစ်တယ်လို့ ကျွန်တော်လက်ခံယုံကြည်ပါတယ်။ မြန်မာနိုင်ငံရဲ့ ခေတ်အဆက်ဆက်က ပညာရေးအခွင့်အလမ်း ဖန်တီးပေးမှု အခြေအနေကို လေ့လာရမယ်ဆိုရင် ကိုလိုနီ အင်္ဂလိပ်ခေတ်မှာ သာသနာပြုဆရာများရဲ့ အစီအစဉ်အရ ခရစ်ယာန် Mission ကျောင်းတွေ အများအပြားရှိခဲ့ပါတယ်။ ပညာတတ် မြောက်မြားစွာကို မွေးထုတ်ပေးခဲ့ပါတယ်။ အချို့ဆိုရင်တော့ နိုင်ငံတော်အကြီးအကဲ ခေါင်းဆောင်နေရာမှာ ဒီနေ့အချိန်ကာလအထိ နေရာယူကြတာကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ ထိုနည်းတူ တောင်တန်းဒေသ၊ နယ်စပ်ဒေသများအတွက် ပြည်ထောင်စုကျောင်းဆိုတာကိုလည်း ရန်ကုန်မြို့မှာ တည်ထောင်ခဲ့တာလည်းရှိခဲ့ဖူးပါတယ်။

အဲဒီကနဲ့ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံဆိုတာ ၁၉၆၄ မှာ စစ်ကိုင်းမြို့မှာစပြီးမှ တည်ထောင်ပါတယ်။ မကြာခင်မှာပဲ စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးမှာ ပြောင်းရွှေ့တည်ထောင်ခဲ့ပါတယ်။ ၁၉၉၁ မှာတော့ ဒီ ဖွံ့ဖြိုးရေးသိပ္ပံကျောင်းကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဆိုပြီးမှ တက္ကသိုလ်အဆင့်ကို တိုးမြှင့်ပြီးမှ မြန်မာနိုင်ငံဒေသအရပ်ရပ်မှာနေထိုင်ကြတဲ့ တိုင်းရင်းသား လူငယ်များအတွက် ပြုစုပျိုးထောင်ပေးတဲ့ ကျောင်းအဖြစ်နဲ့ ပြောင်းလဲပေးခဲ့ပါတယ်။ ယခင်တပ်မတော်အစိုးရ လက်ထက်မှာလည်းပဲ နယ်စပ်ဒေသ

C:\Users\HP\Desktop\Web Portal\အစည်းအဝေးမှတ်တမ်းများ\(2-2013) Records\22-2-2013(19 Meeting)\22-2-2013 Meeting (19).docx

တိုင်းရင်းသား လူငယ်များအတွက် အထူးအစီအစဉ်နဲ့ နတလ သင်တန်းကျောင်းတွေကို နေရာဒေသအနှံ့မှာ ဖွင့်လှစ်ပျိုးထောင်ပေးတဲ့အတွက် ယနေ့ နတလ ကျောင်းကနေ ကျောင်းထွက်တဲ့ ကျောင်းသားများဟာ P.hD၊ M.A၊ B.A ၊ B.Sc ဘွဲ့တွေ ရရှိကြပြီးတော့ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေကြတာကို တွေ့မြင်တဲ့အခါမှာ တာဝန်ရှိတဲ့ တိုင်းပြည်ရဲ့ အကြီးအကဲ ခေါင်းဆောင်တွေရဲ့ စေတနာကို လေးစားတန်ဖိုးထားသလို ကျေးဇူးများစွာ တင်ရှိပါတယ်လို့ ဒီနေရာမှာ ကျွန်တော်ဖော်ပြလိုပါတယ်။

ဒီနေရာမှာ ကျွန်တော် စောစောက တင်ပြခဲ့သလို အထက်က ပြုစုပျိုးထောင်ပေးတဲ့ သင်တန်းကျောင်းတွေရဲ့ အခြေအနေကို သုံးသပ်ကြည့်မယ်ဆိုရင် အင်္ဂလိပ်ခေတ်က Mission School တွေဟာ ခရစ်ယာန်ဘာသာတွေရဲ့ အရောင်အသွေးနဲ့ ရောယှက်နေပါတယ် ဆိုတာကို သုံးသပ်တွေ့ရပါတယ်။ ထိုနည်းတူ ဖွံ့ဖြိုးရေးသိပ္ပံကျောင်းဟာလည်းပဲ ယခင်ခေတ်ကာလ အခြေအနေအရ ပါတီ အရောင်အသွေးနဲ့ ရောယှက်နေတယ်ဆိုတာကို သုံးသပ်ရရှိပါတယ်။ အဲဒီနောက် ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ပြောင်းလဲလာတဲ့အခါကျတော့ ပါတီနိုင်ငံရေး အရောင်အသွေး ကင်းစင်ရမယ်ဆိုတဲ့ မူ စနစ်အရ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းမှာ ဘာသာရေး၊ ပါတီနိုင်ငံရေး မည်သည့် အရောင်အသွေးမှ မရှိဘဲနဲ့ လူငယ်များကို လွတ်လွတ်လပ်လပ် ရင်းနှီးချစ်ကြည်စွာ ပြုစုပျိုးထောင်ပြီးမှ အောင်မြင်လာတဲ့ အနေအထား တွေ့ရှိပါတယ်။ တစ်ဖက်က ဒီ လွန်ခဲ့တဲ့ အစိုးရ လက်ထက်မှာ နတလ ကျောင်းတွေမှာ တိုင်းရင်းသားလူငယ်များကို ပျိုးထောင်တဲ့ အခြေအနေများကို ကြည့်ရမယ်ဆိုရင်တော့ ဘာသာရေး အရောင်အသွေးရောယှက်တယ်ဆိုတာ အားလုံးလည်း သိရှိတွေ့မြင်တဲ့ အတွက်ကြောင့် လွှတ်တော်အထိ ဒီကိစ္စတွေကို ဆွေးနွေး ပြောဆိုကြတာကို အားလုံး သိရှိပြီးဖြစ်ပါတယ်။

ကျေးလက်ဗဟိုပြု လူငယ်ပျိုးခင်း သင်တန်းကျောင်းဟာ ဘာသာရေးအရောင်အသွေး ရှိနေမယ်ဆိုရင်တော့ ဒီနေ့ဒီအချိန်မှာလည်းပဲ ကျွန်တော်တို့ လွှတ်တော်တွင် ပြောဆိုသံတွေ နောက်ထပ်ကြားရမယ်လို့ ကျွန်တော် သုံးသပ်မြင်ယောင်မိပါတယ်။ ဒီနေရာမှာ စစ်ကိုင်းဖွံ့ဖြိုးရေး တက္ကသိုလ်ကျောင်းရဲ့ ပြုစုပျိုးထောင်တဲ့ စနစ်ဟာ (၁) ဘာသာရေး အရောင်အသွေး လုံးဝ ကင်းရှင်းတယ်။ ထိန်းကျောင်းမှုပုံစံဟာလည်းစနစ်ကျပါတယ်။ ကျွန်တော်လည်း ဖွံ့ဖြိုးရေး တက္ကသိုလ်ကျောင်းဆင်း အပတ်စဉ်(၂၃)က အောင်မြင်ပြီးမှ ဒီနေ့ ဒီအချိန်တွင် လွှတ်တော်တွင်

ရောက်ရှိတာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ကျွန်တော်ရဲ့ ကျောင်းတော်ကြီးကို အများကြီး ကျေးဇူးတင်ပါတယ်။ ခေတ်ကာလတစ်လျှောက် ကျွန်တော်တို့ သင်ယူခဲ့တဲ့အချိန်မှာ ဖွံ့ဖြိုးရေး တက္ကသိုလ်ကျောင်းမှာ ဘာသာရေးဆိုတာလည်း ခွဲခြားမှုမရှိဘူး။ လူမျိုးရေး ဆိုတာလည်း ခွဲခြားမှုမရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ကို တာဝန်ယူပေးခဲ့တဲ့ ပါမောက္ခချုပ် ဦးရဲသွင်ဟာဆိုရင် သူ့အမျိုးသမီးက ကချင်ဖြစ်ပါတယ်။ သူက ဗမာဖြစ်ပါတယ်။ သူ ဘုရားကျောင်းမှာလာလိုက်၊ ဘာသာရေးပွဲမှာ သွားလိုက်၊ ဗုဒ္ဓဘာသာရဲ့ဘုန်းကြီးကျောင်းမှာ လည်းသွားလိုက် ဒီလိုရှိပါတယ်။ ကျွန်တော်တို့လည်း ထိုနည်းအတူ ခရစ်စမတ်ပွဲမှာလည်း ဗုဒ္ဓဘာသာအပါအဝင် ခရစ်ယာန်များနဲ့ အတူတကွ ကျင်းပနိုင်သလို ဗုဒ္ဓဘာသာရဲ့ ပွဲလမ်းသဘင်မှာလည်း အတူတကွဆင်နွှဲ ပါဝင်ကြတာဖြစ်ပါတယ်။ ဒါနဲ့ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းတွေဟာ အများအားဖြင့် တိုင်းပြည်ရဲ့ အနာဂတ် လူငယ် များကို ပျိုးထောင်တဲ့နေရာမှာ အအောင်မြင်ဆုံး တိုင်းရင်းသား ကျောင်းတစ်ကျောင်းဖြစ်တယ်လို့ ကျွန်တော် သုံးသပ်လိုပါတယ်။

ဒါကြောင့် နယ်စပ်ဒေသ၊ တောင်တန်းဒေသများ၏ ပညာရေးကဏ္ဍမှာ သင်ယူမှု အခွင့်အလမ်းကို တောင့်တနေတဲ့လူငယ်တွေအတွက် ပြုစုပျိုးထောင်ပေးတဲ့ စာသင်ကျောင်းလေး တွေဟာ နိုင်ငံတော်အစိုးရက တည်ထောင်ပေးမယ်ဆိုရင် အထူးသင့်တော်လှပါတယ်။ တိုင်းရင်းသား ဒေသတွေကလည်းပဲ မျှော်လင့်နေပါတယ်။ သူတို့တွေအတွက် အဓိက အရေးကြီးတာက စောစောက ကျွန်တော်တင်ပြသလို ဘာသာရေးခွဲခြားခြင်းမရှိဖို့အတွက်၊ တိုင်းရင်းသား လူငယ်အချင်းချင်းခွဲခြားမှု မရှိဖို့အတွက် ထိန်းကျောင်းမှု စနစ်ပုံစံတွေ ပြောင်းလဲ သင့်ရင် ပြောင်းလဲဖို့အတွက် ဖြစ်ပါတယ်။

ကြုံကြိုက်လို့ တင်ပြရမယ်ဆိုရင် မကြာခင်ကပဲ မန္တလေးက တိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကို စစ်ကိုင်းဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းမှာ ပူးပေါင်းပြီးမှ ပြောင်းရွှေ့ခဲ့တဲ့ ပြဿနာ လေးတွေရှိတော့ အခု ရန်ကုန်မှာ ပြောင်းသွားပါတယ်။ အဲဒီက ကျောင်းသားတစ်ဦးက ကျွန်တော်ရဲ့ တပည့် ဖြစ်သလို သူ့အမေက ပြောပါတယ်။ အဲဒီသူတို့ တိုင်းရင်းသားလူမျိုးများ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှာ ကျောင်းသားအချင်းချင်း ထိန်းကျောင်းတဲ့ စနစ်ရှိတယ်လို့ ပြောပါတယ်။ ပထမနှစ်ကို ဒုတိယနှစ်က ထိန်းကျောင်းတယ်။ ဒုတိယနှစ်ကို တတိယနှစ်က ထိန်းကျောင်းတယ်။ ဒီလို ထိန်းကျောင်းတဲ့အခါမှာ ကျောင်းသားအချင်းချင်း ရိုက်နှက်နိုင်တဲ့

သဘောပေါ့။ သူတို့မှာ စည်းကမ်း သတ်မှတ်ချက်တွေ ရှိတယ်လို့ပြောပါတယ်။ အဲဒါနဲ့ အဲဒီက ကျွန်တော့်သမီးက ဘာပြောလဲဆိုတော့ သူ့အမေကို ပြောတာ။ အမေ မသွားချင်တော့ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အချင်းချင်းက လက်သီးနဲ့ ထိုးကြိတ်ပြီးမှ ခြေထောက်နဲ့ကန်ကျောက်တဲ့ အထိ ဖြစ်တယ်လို့ ပြောပါတယ်။ အဲဒီအခါကျတော့ အဲဒီကျွန်တော်တို့ ပလက်ဝမှာ တာဝန် ထမ်းဆောင်တဲ့ ဒုဦးစီးတစ်ယောက်လည်း နတလ ကျောင်းဆင်း ဖြစ်ပါတယ်။ သူကပြောတာ ဒါဟာ နည်းသေးတယ်၊ ကျွန်တော်တို့တုန်းက ဒီထက်ဆိုးပါတယ်လို့ပြောပါတယ်။

ကျွန်တော်ဆိုလိုချင်တာကတော့ ဒီသင်တန်းကျောင်းတွေဟာ လူငယ်တွေကို ပျိုးထောင်တဲ့ သင်တန်းကျောင်းတွေဟာ ဒီလိုမျိုးတွေ ဖြစ်သင့်သလားလို့ ကျွန်တော် အဲဒီလို ခံယူမိပါတယ်။ ဒါကြောင့် ဒီလိုမျိုးတွေ မဖြစ်သင့်တဲ့ဟာတွေ မဖြစ်ရဖို့အတွက် လိုအပ်တဲ့ပြုပြင် ပြောင်းလဲမှု တွေဟာ ပြုလုပ်ရမှာဖြစ်တယ်လို့ ကျွန်တော်ယုံကြည်မိပါတယ်။ ဒါကြောင့် ကျွန်တော် စစ်ကိုင်း ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းနဲ့ နှိုင်းယှဥ်ပြီးမှ တင်ပြခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ခေတ်ပြောင်းပြီ ဖြစ်တဲ့အတွက်ကြောင့် ဒီလို လူငယ်တွေကို ပြုစုပျိုးထောင်ပေးတဲ့စနစ်ဟာလည်း ပြောင်းမှာ ဖြစ်ပါတယ်။ ဒါမှ အသက်အရွယ်နုနယ်သေးတဲ့၊ အဖူးအငုံလိုရှိနေတဲ့ ဒီလူငယ်လေး တွေဟာ ဒီလိုအရွယ်မှာ ဘာသာရဲ့ အရောင်အသွေးတွေ ရောယှက်နေမယ်ဆိုရင် သူတို့ရဲ့ဘဝ အခြေအနေအတွက် ရွေးချယ်ဆုံးဖြတ်နိုင်မယ့် အရွယ် မရောက်သေးတဲ့အတွက်ကြောင့် ဘာသာရေး ကင်းရှင်းဖို့လိုပါမယ်။ အဖြစ်နိုင်ဆုံး သူတို့အတွက်ကတော့ အကျင့်စာရိတ္တ ကောင်းမွန်ပြီးမှ ပညာရေးကိုပဲဦးစားပေး၊ အတတ်ပညာ တွေကိုပဲသင်ယူနိုင်မယ့်အခွင့်အလမ်းကိုပဲ ပိုမိုဖန်တီးပေးမယ်ဆိုပါက ဘာသာရေးရဲ့ အဆုံးအမ ဆိုတာ လူတိုင်းအတွက်က ဒီမိုကရေစီ ခေတ်မှာ လူ့ရဲ့ ယဥ်ကျေးမှုတစ်ရပ်ကို ပိုမိုယဥ်ကျေးအောင် ပြုပြင်ပြောင်းလဲနိုင်သလိုပဲ အသက်အရွယ် နုနယ်သေးတဲ့ ကလေးများအတွက်က ဘာသာရေး အထိန်းအကွပ်ဟာ ကျွန်တော်တို့ လိုအပ်သင့်သလောက်သာ ကျွန်တော်တို့ သွန်သင်ဆုံးမဖို့ လိုအပ်ပါတယ်။ အရောင် ပြောင်းဖို့အတွက် ကျွန်တော်တို့ အရောင်ဆိုးမယ်ဆိုရင်တော့ ကျွန်တော်တို့ လူငယ်တွေအတွက် အတားအဆီး တစ်ခုလို ဖြစ်ပါတယ်။

ဒီမိုကရေစီ တိုင်းပြည်တစ်ခုမှာ ပညာတတ်တွေ ပေါကြွယ်တယ်ဆိုရင် ဒီမိုကရေစီ စနစ်ဟာ ပိုမိုအောင်မြင်ဖို့အတွက်၊ ထွန်းကားဖို့အတွက် အင်မတန်ထိရောက်တဲ့ဟာ ဖြစ်ပါတယ်။

ပညာမဲ့တဲ့တိုင်းပြည်မှာ ဒီမိုကရေစီ၊ စစ်မှန်တဲ့ ဒီမိုကရေစီ မရရှိနိုင်ဘူးဆိုတာ အားလုံး၊ ပညာရှိတွေ အားလုံး သိရှိပြီးတော့ ကျွန်တော်တို့ အားလုံးလည်း သိရှိခံယူပြီးသားဖြစ်ပါတယ်။ ဒါကြောင့် စောစောက ကျွန်တော်ပြောသလို ဘာသာရေး အထိအတွေ့များတဲ့ လူတိုင်းဟာ အသိတရား ပြည့်ဝတဲ့ လူတစ်ယောက်ဖြစ်သော်လည်းပဲ နုနယ်တဲ့ အရွယ်မှာ ဘာသာရေးဟာ အရောင်အသွေး ကင်းနိုင်တယ်ဆိုရင် ပိုပြီးမှသင့်မြတ်တယ်လို့ ယုံကြည်ပါတယ်။ ဘာသာရေးအစဥ်အလာကို သတ်မှတ်တဲ့ သူများအနေနဲ့လည်း ဒီမိုကရေစီခေတ်မှာကျတော့ လူသားတို့ရဲ့ သဘာဝစိတ်ဓာတ်ကို ဂရုစိုက်လေ့လာခြင်းအားဖြင့် လူထုနဲ့ မဆန့်ကျင်ဘူးဆိုရင်၊ လူတစ်စုနဲ့ မဆန့်ကျင်ဘူး ဆိုရင် ဆောင်ရွက်သင့်တယ်။ သို့သော်လည်း ဆန့်ကျင်နေမယ်ဆိုရင် ဒါကိုအသိတရားနဲ့ ကျွန်တော်တို့ ရှောင်ရှားသင့်တယ်လို့ပြောရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၂။**

**ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်တော်လူကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ပဏာမ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ရဲ့ မိမိရောက်ရှိခဲ့ဖူးတဲ့ ဒေသအတွေ့အကြုံပေါ်မှာ အခြေခံတဲ့ နယ်စပ်တောင်တန်းဒေသဖွံ့ဖြိုးရေး စာသင်ကျောင်းများ ဖွင့်လှစ်ပေးခြင်းနဲ့ ပညာရေးဆိုင်ရာ တိုးတက်မြင့်မားဖို့အတွက် လူမျိုးမရွေး၊ ဘာသာမရွေး စာပေယဥ်ကျေးမှု ထုံးတမ်းစဥ်လာသာမက လူငယ်များရဲ့ အကျင့်စာရိတ္တဖွံ့ဖြိုးရေး အသိပညာ၊ အတတ်ပညာများ တိုးတက်အောင်မြင်မှုရှိခဲ့ကြောင်း တင်ပြသွားတဲ့အပေါ်မှာ ကျွန်တော့်အနေနဲ့ ကောက်နုတ်ပြီး ထောက်ခံဆွေးနွေး သွားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်ပြဆွေးနွေးသွားတဲ့ မဖွံ့ဖြိုးသေးတဲ့ နယ်စပ်နဲ့ တောင်တန်းဒေသတွေထဲက ကောက်နုတ်ပြီး ကရင်ပြည်နယ်၊ ဘုရားသုံးဆူဒေသ ဝေါလေ၊ မဲသဝေါ၊ ဖာပွန်၊ သံတောင်ကြီးစတဲ့ဒေသတွေကို ကောက်နုတ်ပြီးတော့ အနည်းငယ် ဆွေးနွေး တင်ပြလိုပါတယ်ခင်ဗျား။ အဲဒီဒေသတွေမှာရှိတဲ့ လူငယ်မျိုးဆက်သစ်များရဲ့ ပညာရေးဟာ အလွန်မှ နိမ့်ကျခက်ခဲပြီး အသိပညာ၊ အတတ်ပညာ၊ စာရိတ္တပါမကျန် လူမှုရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးရေးတွေက အစ အခြားနယ်စပ်ဒေသများနည်းတူ နောက်ကျ ကျန်ရစ်ခဲ့နေတာ အားလုံးအသိ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီဒေသတွေရဲ့ အနာဂတ်ဖွံ့ဖြိုးရေးအတွက် အဆိုရှင် တင်ပြ ဆွေးနွေးသွားတဲ့ ကျေးလက်ဗဟိုပြု လူငယ် ပျိုးခင်းသင်တန်းကျောင်းများ ဖွင့်လှစ်ပေးနိုင်ခဲ့မယ် ဆိုရင် နယ်စပ်တောင်ပေါ်၊ တောင်တန်းဒေသကလေးများ လူငယ်များရဲ့ ပညာရေးမြှင့်တင်မှု တစ်ခုအနေနဲ့ အခြေခံမူလတန်း တတ်မြောက်အောင်မြင်ပြီလို့ ဆက်လက်ပြီးအစိုးရကျောင်းမှာ အလယ်တန်း၊ အထက်တန်းထိ တွဲဖက်သင်ယူ အောင်မြင်ခြင်းဖြင့် အနာဂတ်ဖွံ့ဖြိုးရေးအတွက် အထောက်အကူ ပြုမယ်လို့တော့ ယူဆမိလို့ ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနဲ့ ဆက်စပ်ပြီးတော့ အလျဉ်းသင့်လို့ နယ်စပ်တောင်တန်းဒေသ လူငယ်တွေရဲ့ ပညာရေးတစ်ပိုင်းတစ်စနဲ့ ဆက်လက်သင်ကြားတက်ရောက်ဖို့ အခက်အခဲရှိတဲ့ အခြေခံအကြောင်းအရင်း အနည်းငယ်ကို ဆွေးနွေးရမယ်ဆိုရင် စားဝတ်နေရေးဖြစ်တဲ့ စီးပွားရေး ကြောင့်သော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးကြောင့်သော်လည်းကောင်း၊ မြို့ပေါ် အစိုးရကျောင်း ဖြစ်တဲ့ အလယ်တန်း၊ အထက်တန်းကို ဆက်လက်တက်ရောက်လိုပေမယ့်လည်း နေဖို့၊ ထိုင်ဖို့၊ စားဖို့၊ သောက်ဖို့ စတဲ့ ကြီးစွာတဲ့ အခက်အခဲများတွေကြောင့် မူလတန်းပြီး တစ်ပိုင်းတစ်စ၊ အလယ်တန်းပြီး တစ်ပိုင်းတစ်စနဲ့ နောက်ဆုံး တိုင်းတစ်ပါးသို့ထွက်ခွာ အလုပ်ရှာလုပ်ရတဲ့ နယ်စပ်တောင်တန်းဒေသ လူငယ်များ အများအပြားတွေဟာ ပညာရေး နိမ့်ကျသထက် နိမ့်ကျပြီးတော့ အခြားလူမှုရေး၊ ဖွံ့ဖြိုးရေး၊ အကျင့်စာရိတ္တနဲ့ မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုကအစ နိမ့်ကျသွားကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီပညာရေး တစ်ပိုင်းတစ်စနဲ့ဖြစ်ရတဲ့ အခက်အခဲကို တစ်စိတ် တစ်ဒေသအဖြစ် အထောက်အကူရစေတဲ့ ကဏ္ဍကို အနည်းငယ် တင်ပြဆွေးနွေး လိုပါတယ် ခင်ဗျား။ ကျွန်တော်တို့ ကရင်ပြည်နယ်၊ ဘားအံမြို့မှာ တောင်ကလေး၊ ဘ က ကျောင်းကြီး

ရှိပါတယ်။ အဲဒီ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဟာ အနယ်နယ်အရပ်ရပ် မြို့နယ်ကျေးရွာအစုံ နယ်စပ်တောင်တန်းဒေသ ကလေးများပါမကျန် လာရောက်ကျောင်းတက်ကြပါတယ်။ အဲဒီကျောင်းမှာ လူငယ် ပျိုးခင်းသင်တန်းကျောင်းလည်း ရှိပေမယ့်လည်း ဘော်ဒါဆောင်ကြီးမရှိလို့ ဘော်ဒါဆောင် အခက်အခဲ၊ နေရေးထိုင်ရေး အခက်အခဲများစွာရှိတဲ့အတွက် နယ်စပ်တောင်တန်းဒေသ ကျောင်းသားလူငယ်ကလေး အများအပြား လာရောက်ပညာ တက်ရောက်သင်ကြားဖို့ ခက်ခဲစေပါတယ်။ အကယ်၍ နိုင်ငံတော်အနေဖြင့် ဘော်ဒါဆောင်ကြီးတစ်ဆောင် ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မယ်ဆိုရင်တော့ အခက်အခဲများစွာ အဆင်ပြေပြီး ပညာရေးတစ်ပိုင်းတစ်စဖြစ်ရမယ့် အနယ်နယ်အရပ်ရပ်က ကျောင်းသားလူငယ်များကို များစွာ အထောက်အကူဖြစ်စေတာ မြေကြီးလက်ခတ် မလွဲပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါနဲ့ပဲ တစ်ဆက်တည်းမှာ ကရင်ပြည်နယ်မြို့နယ်အသီးသီးရှိ ဝေးလံခေါင်းပါးဒေသ ကျေးရွာအသီးသီး နယ်စပ်တောင်တန်းဒေသမကျန် ကျောင်းသားလူငယ်များ အထက်တန်းပညာအဆင့် ဆက်လက်သင်ကြား ဆည်းပူးနိုင်ရန်အတွက် ကရင်စာပေနဲ့ ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်းမှ ကရင်ကျောင်းသားလူငယ်များ ရိပ်သာကိုလည်း ပံ့ပိုးကူညီထောက်ပံ့ ဖွင့်လှစ်ပေးထားပါတယ်။ နှစ်စဉ် တစ်နှစ်လျှင် ပျမ်းမျှကျောင်းသား၊ ကျောင်းသူ(၂၀၀)မှ (၃၀၀)ထိ ဘောင်ဒါဆောင်အခက်အခဲကြောင့် အကန့်အသတ်ဖြင့် နယ်စပ်တောင်ပေါ်ဒေသများကို ဦးစားပေး ရွေးချယ်လက်ခံဖွင့်လှစ်ပေးတဲ့ ဘွဲ့ရကျောင်းသား/ကျောင်းသူများစွာကိုလည်း မွေးထုတ်ပေးခဲ့တဲ့အပြင် လူမှုရေး၊ ဖွံ့ဖြိုးရေးနဲ့ ရိုးရာယဉ်ကျေးမှုစတဲ့ ကဏ္ဍများကိုပါ လေ့ကျင့်ပျိုးထောင်ခြင်းဖြင့် အထောက်အကူပြုစေခဲ့ပါတယ်။ ကျောင်းသားဟောင်းများရဲ့ ပညာဒါန၊ စေတနာ လုပ်အားဖြင့် နှစ်ပေါင်းများစွာ ကူညီစောင့်ရှောက်ခြင်း၊ ကျေးရွာအသီးသီး အနယ်နယ်အရပ်ရပ် တိုင်းရင်းသားမိဘ ပြည်သူများရဲ့ စေတနာ အလှူဒါနများရဲ့ ရန်ပုံငွေဖြင့် ဘော်ဒါဆောင်များကို တိုးချဲ့ပြီး နှစ်စဉ် နည်းနည်း နည်းနည်းဖြင့် ဆောက်လုပ်ပြီးတော့ ကျောင်းသားများကို တိုးတိုးပြီး လက်ခံပေးလျက်ရှိပါတယ်။ နိုင်ငံတော်မှလည်း အခြေအနေအရ ထောက်ပံ့ကူညီမှုများ ဘော်ဒါဆောင်များအတွက် အားဖြည့်ဆောင်ရွက်ပေးမည်ဆိုရင် ပညာရေးမြင့်မားပြီးတော့ နယ်စပ်တောင်တန်းဒေသများရဲ့ အနာဂတ်ဖွံ့ဖြိုးရေးအတွက် ပညာတတ်လူငယ်များပြားလာပြီးတော့ နိုင်ငံ့သားကောင်း၊ နိုင်ငံအကျိုးအတွက်ပါ များစွာ အထောက်အကူရှိမှာ

ဖြစ်ကြောင်း လက်လှမ်းမီသလောက် အကြံပြုဆွေးနွေးရင်း ဦးစောထွန်းမြအောင် ရဲ့ အဆိုအား ထောက်ခံနိုဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးပိုးရယ်အောင်သိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၈။**

**ဦးပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ ရိုသေလေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝ ပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ရှားတောမြို့နယ်၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ရဲ့ နယ်စပ်နှင့်တောင်တန်းဒေသများတွင် အနာဂတ်ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဗဟိုပြု လူငယ် ပျိုးခင်းသင်တန်းကျောင်း စတင်ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ ပတ်သက်ပြီး ကယားပြည်နယ်ရဲ့ သမိုင်းကြောင်းနဲ့ထားပြီးတော့ ဆွေးနွေး ထောက်ခံ သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားအစ စာသင်ကျောင်းက ဆိုရိုးစကားအရ ဆင်ခြင်တွေးတော ချင့်ချိန်ထားတဲ့ အသိပညာ၊ တွေးခေါ်မျှော်မြင်နိုင်တဲ့ လူစွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် ပညာရေးကို အလေးထား ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ရာမှာ ပညာရေး ဖြင့်သာ တည်ဆောက်နိုင်တာဖြစ်တဲ့အတွက် ပညာရေးဟာ အဓိက အရေးကြီးတဲ့ အလျောက် ပညာရေးကို အထူးအားပေးရမယ်။ ပညာအဆင့်အတန်းတိုးမြှင့်မှု၊ ပညာတတ်ဦးရေ တိုးပွားလာမှုတို့ကို ရှေးရှုပြီး လုပ်ငန်းစီမံချက်များကို ချမှတ်ကာ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအနက် ကယားပြည်နယ်ဟာ ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ကျဆုံးသော ပြည်နယ်တစ်ခုဖြစ်ရခြင်းမှာ ပညာရေးမှာ အောက်ကျ နောက်ကျခြင်းရဲ့ အကြောင်းအရင်း တစ်ရပ်ဖြစ်ပါတယ်။ ရှေးယခင်က ကရင်နီပြည် လို့ခေါ်တဲ့ ကယားပြည်နယ်ဟာ ခေတ်အဆက်ဆက်က အုပ်စိုးခဲ့တဲ့ နယ်ရှင်စော်ဘွား(စောဖျာ) များဟာ တိုင်းရင်းသားများ ပညာတတ်မြောက်ရေးအတွက် စီမံဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ၁၈၇၅ ခုနှစ် ကစပြီးတော့ မြန်မာဘုရင်ကိုယ်စား နိုင်ငံခြားရေးဝန်၊ ကင်းဝန်မင်းကြီးဦးကောင်းနဲ့ အိန္ဒိယ ဘုရင်ခံချုပ်ကိုယ်စား ဆာဒက်ပလက် ဖော့ဆက် ဆိုသူတို့က ကရင်နီနယ်ကို သီးခြား လွတ်လပ်တဲ့ နယ်တစ်နယ်အဖြစ် အသိအမှတ်ပြုရန် သဘောတူစာချုပ် ချုပ်ဆိုကြပြီးတော့ နှစ်ဦးနှစ်ဖက် ကရင်နီနယ်ကို မကျူးကျော်ကြစတမ်း ကြေညာထားခဲ့သော်လည်းပဲ ကရင်နီနယ်ဟာ ယခင်တုန်းက နေပြည်တော်နဲ့ အလှမ်းဝေးနေတာကို အခွင့်ကောင်းယူပြီးတော့ ဗြိတိသျှတို့က ကရင်နီနယ်မှ အဖိုးတန်ကျွန်းသစ်များကို အတားအဆီးမရှိ ထုတ်ယူကြပြီး ကြွယ်ဝချမ်းသာ ကြပါတယ်။ မော်ချီးမိုင်းမှ အဖိုးတန်သတ္တုများကို စိတ်ကြိုက်တူးပြီးတော့ စီးပွားဖြစ် ထုတ်ယူကြပါတယ်။ မော်ချီးမိုင်းကုမ္ပဏီမှ အစုရှင်များကို အမြတ်ငွေ(၆၀၀)ရာခိုင်နှုန်းထိ ခွဲဝေပေးနိုင်လောက်အောင် အကျိုးအမြတ် အဆမတန် ခံစားရသော်လည်းပဲ ကျွန်တော်တို့ ကရင်နီနယ် နယ်သားအတွက် မူလတန်းကျောင်းတစ်ဆောင်၊ ဆေးရုံဆေးခန်းတစ်ခုမျှ ဆောင်ရွက် ပေးခဲ့ခြင်း မရှိပါဘူး။

ဒုတိယကမ္ဘာစစ်မတိုင်ခင်ကာလအထိ ကယားပြည်နယ်မှာ ဗြိတိသျှအစိုးရ အထောက်ပံ့ခံ အင်္ဂလိပ်-မြန်မာအလယ်တန်းကျောင်းတစ်ကျောင်းကို လွိုင်ကော်မြို့မှာ ဖွင့်လှစ် ထားခဲ့သော်လည်းပဲ ကျောင်းနေပညာသင်ကြားနိုင်သူ အနည်းငယ်မျှသာ ရှိခဲ့ပါတယ်။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးဆုံးတဲ့ကာလမှာ ဗြိတိသျှအစိုးရက ပြန်ဝင်တဲ့အခါမှာ စစ်အုပ်ချုပ်ရေးရန်ပုံငွေ ကနေပြီးတော့ ထောက်ပံ့ပြီးတော့ လွိုင်ကော်မြို့မှာ အင်္ဂလိပ်-မြန်မာအလယ်တန်းကျောင်းကို အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ရောက်ရှိခဲ့သော်လည်းပဲ ကျောင်းသားဦးရေဟာ အလွန်နည်းပါးခဲ့ပါတယ်။ ခေတ်အဆက်ဆက်အုပ်စိုးခဲ့တဲ့ နယ်ရှင်စောဖျာများရဲ့ သားသမီးများ အတွက်ကိုတော့ တောင်ကြီးမြို့မှာ ဖွင့်လှစ်တဲ့ စော်ဘွားကျောင်းမှာ တက်ရောက်သင်ကြားခွင့်ရ သော်လည်းပဲ သာမန်အရပ်သူ၊ အရပ်သားများရဲ့သားသမီးများမှာ သင်ကြားရန် အခွင့်အလမ်း မရှိခဲ့ပါဘူး။

ရှိသေလေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကရင်နီနယ်ကို သီးခြားလွတ်လပ်ရေးပေးထားတယ်ဟုဆိုတဲ့ ဗြိတိသျှတို့ဟာလည်းပဲ နယ်ရှင်စော်ဖွားများကို ဆန္ဒစာချုန်လွှာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဇာတိ၊ ဇာတိမာန်တို့ကို ချုပ်ချယ်ချိုးနှိမ် ထားခြင်းခံရတဲ့အတွက် ကျွန်တော်တို့ တိုင်းရင်းသားတို့ရဲ့ ပညာရေးဟာ နိမ့်ကျ၊ နောက်ကျ ကျန်ရစ်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်ထိ ကရင်နီနယ်ဟုခေါ်တဲ့ ကယားပြည်နယ်တစ်နယ်လုံးမှာ ဗြိတိသျှတို့ဟာ လွိုင်ကော်မြို့မှာ အထက်တန်းကျောင်းတစ်ကျောင်းသာ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ပြီးပြည့်စုံတဲ့ ကျောင်းအဆင့်မျိုးမဟုတ်ပါဘူး။ အဲဒီကာလမှာ အထက်တန်းပညာကို ဆည်းပူးသင်ကြားသူ အလွန်နည်းပါးခဲ့ပါတယ်။ တစ်ဦးတစ်လေရှိခဲ့ရင်လည်းပဲ အုပ်စိုးသူ အစိုးရက ဆောင်ရွက်ပေးနိုင်မှုမျိုး မဟုတ်ဘဲနဲ့ သာသနာပြုကျောင်း ရည်စူးကြောင့်သာ ပညာသင်ကြားရသူဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနဲ့ ခရစ်ယန်သာသနာပြုရဟန်း များဟာ ယင်းတို့ သီတင်းသုံးတဲ့ ကျေးရွာများမှာ လူငယ်ဂေဟာကို တည်ထောင်ပြီးတော့ ကျောင်းအဖြစ် ဖွင့်လှစ်ပြီးတော့ ပတ်ဝန်းကျင်ဒေသမှာရှိတဲ့ ကလေးသူငယ်များကို စာပေနဲ့ ဘာသာအယူဝါဒများကို သင်ကြားပေးခဲ့ပါတယ်။

အဲဒီကျောင်းကနေပြီးတော့ ပညာတတ်မြောက် ထူးချွန်တဲ့ ကျောင်းသား၊ ကျောင်းသူများကို လွိုင်ကော်၊ တောင်ကြီး၊ ပျဉ်းမနား၊ လေးမျက်နှာ၊ ပုသိမ်၊ မြောင်းမြ၊ တောင်ငူနဲ့ ရန်ကုန်မြို့များကို စေလွှတ်ပြီးတော့ အထက်တန်းနဲ့ အလယ်တန်းပညာရပ်များကို ဆက်လက် သင်ကြားစေခဲ့ပါတယ်။ သာသနာပြုများဟာ တောင်ပေါ်တိုင်းရင်းသားများ ပညာတတ်မြောက်ရေး အတွက် မူလတန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခြင်း၊ အထက်တန်းပညာရပ်များ သင်ကြား တတ်မြောက်ရန်နဲ့ အလယ်တန်းနဲ့ အထက်ကျောင်းများကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ သာသနာပြုရဲ့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့်ပဲ ခေတ်အဆက်ဆက်မှာ နောက်ကျ၊ အောက်ကျကျန်ရစ်ခဲ့တဲ့ ကျွန်တော်တို့ တောင်ပေါ်တိုင်းရင်းသားများဟာ မိမိကျေးရွာမှ မူလတန်းပညာကို အောင်မြင်ပြီး သူဟာ အလယ်တန်းနဲ့ အထက်တန်းပညာကို ခုနက ကျွန်တော် တင်ပြထားတဲ့ မြို့များကို တက်ရောက်ပညာသင်ကြားခဲ့ပါတယ်။ တောင်ပေါ်တိုင်းရင်းသားများ ပညာတတ်မြောက်နိုင်ရေး အတွက် ရဟန်းဘုန်းတော်ကြီးများက လုပ်ဆောင်ခဲ့တဲ့ ဘော်ဒါဆောင် ဒါမှမဟုတ် လူငယ်ဂေဟာ လူငယ်ပျိုးခင်းသင်တန်းကျောင်းများဟာ အရေးပါလှပါတယ်။ လူငယ်ဂေဟာကိုရောက်ရှိလာတဲ့ ကလေးသူငယ်များကို စာပေတတ်မြောက်ရုံမျှမဟုတ်ဘဲ ကလေးသူငယ်များရဲ့ စာရိတ္တပညာရပ်ပါ

သင်ကြားပေးခဲ့ပါတယ်။ ထူးချွန်တတ်မြောက်တဲ့ ကလေးသူငယ်များဟာ ဆက်လက်ပညာ သင်ကြားနိုင်ရန် ထောက်ပံ့ကူညီရင်းနဲ့ ပညာ တတ်မြောက်သူ ပေါ်ထွက်လာပြီး မိမိဒေသကို ပြန်လည်အကျိုးပြုနိုင်ခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဆွေးနွေးတင်ပြလိုတာကတော့ ကျွန်တော်တို့ ကယားပြည်နယ်ဟာ မငြိမ်းချမ်းစဥ်ကာလက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာက လုပ်ပေးလို သော်လည်းပဲ နယ်မြေမငြိမ်းချမ်းလို့ မဆောင်ရွက်နိုင်ခဲ့ကြောင်း သိရပါတယ်။ ယခုအခါ ကျွန်တော်တို့ ကယားပြည်နယ်ဟာ ငြိမ်းချမ်းလာပြီးဖြစ်တဲ့အတွက် အခြားသော တိုင်းဒေသကြီးနဲ့ ပြည်နယ်များနည်းတူ ဖွံ့ဖြိုးတိုးတက်ရေးကို ဆထက်ထမ်းပိုးတိုးပြီး ဆောင်ရွက်ပေးပါလို့ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ နယ်စပ်ဒေသမြို့များဖြစ်တဲ့ နယ်စပ်ရွားတောမြို့နယ်များမှာ လူငယ်ပျိုးခင်း သင်တန်းကျောင်းနဲ့ ဘော်ဒါဆောင်များကို ဆောက်လုပ်ပေးပါလို့ တင်ပြရင်း ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ရဲ့ အဆိုကို ထောက်ခံ ဆွေးနွေးအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၁၆) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၃၁)နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၁။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုန်းခင်းပေါင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၁။**

**ဦးနိုန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုန်းခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ရဲ့ နယ်စပ်နဲ့တောင်တန်းဒေသများတွင် အနာဂတ် ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဗဟိုပြု လူငယ်ပျိုးခင်းသင်တန်းကျောင်း စတင်ဖွင့်လှစ်ရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်က စေတနာ အပြည့်အဝနဲ့ Sponsor လုပ်ပြီး လူငယ်ပျိုးခင်းသင်တန်းကျောင်း ဖွင့်လှစ်ဖို့ နိုင်ငံတော်အစိုးရအပေါ် တိုက်တွန်းချက်အရ ချင်းတိုင်းရင်းသားတွေရဲ့ကိုယ်စား ကျွန်တော့်အနေနဲ့ အဆိုရှင်အပေါ်မှာ အထူးပဲ ကျေးဇူးတင် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၁ ရာစုမှာ တွင်ကျယ်လာသော စကားရပ်တစ်ခု ရှိပါတယ်။ ၎င်းမှာ Sponsor ဆိုတဲ့ စကားရပ်ဖြစ်ပါတယ်။ Sponsor ဆိုသည်မှာ အာမခံသူ အဓိပ္ပာယ်ရပါတယ်။ စီးပွားလူမှုနယ်ပယ်တွင် ကူညီထောက်ပံ့ပေးသူအဖြစ် အသိများပါတယ်။ စင်စစ် Sponsor ဟာ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ လိုအပ်သော အကူအညီ အထောက်အပံ့ တစ်မျိုး ဖြစ်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးနယ်ပယ်ရဲ့ မဟာဗျူဟာ ဖြစ်သော လူငယ်ပျိုးခင်းသင်တန်းကျောင်းကို တောင်ပေါ်တိုင်းရင်းသားများ စုဆောင်းပြီး ပညာသင် ပေးပါတယ်။ မူလတန်းအဆင့်မှာ (၁၀)တန်းအထိ အခမဲ့ ပညာသင်ပေးပါတယ်။ ကျွေးမွေးတယ်။ မူလွန်ပြီးရင် အလယ်တန်း၊ အထက်တန်းကျောင်းကို ချိတ်ဆက် ပညာသင် ပေးပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်နဲ့ ကလေးမြို့အကြား (၉)မိုင်နေရာ တီးတိန်မြို့နယ် ဟာရီကန်းဒေသ

ယခု တောင်ဇလပ်ပန်း လူငယ်ပျိုးခင်းသင်တန်းကျောင်းကို ဖွင့်လှစ်သင်ကြားတာကို တွေ့ရှိရပါတယ်။ ချင်းတိုင်းရင်းသား (၅၀)ကိုစတင်ပြီး ပထမတန်းမှ (၁၀)တန်းအထိ ကျွေးမွေးစောင့်ရှောက်ပြီး အခမဲ့ပညာသင် ပေးသလို တော်ရင် တော်သလို အခြားတက္ကသိုလ်သို့ ပို့ပြီး ထောက်ပံ့ပေးခဲ့ပါတယ်။ စက်မှုသိပ္ပံကျောင်း၊ ဆရာအတတ်သင် ကျောင်းသို့လည်း ပို့လွှတ်ပြီး န.တ.လ ကျောင်းကို ပို့ဆောင်ပေးခဲ့သည့်အတွက် အလွန်မှ အကျိုးရှိပါတယ်။ ၎င်းအပြင် တောင်တန်းသာသနာပြုကျောင်း ရှိတဲ့နေရာများမှာ ဘော်ဒါဆောင် ဆောက်ပြီး ကျောင်းနေတာကို တွေ့ရသလို မြန်မာ့ယဉ်ကျေးမှု လောကနီတိပညာရပ်ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်ကို လက်တွေ့ အကောင်အထည်ဖော်တဲ့အတွက် များစွာ အကျိုးရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လူငယ်ပျိုးခင်း သင်တန်းကျောင်းမှ အောင်မြင်သော ကလေးလူငယ်များကို မိမိဒေသတွင် လိုအပ်သော ဆရာ၊ ဆရာမများ၊ ရုံးစာရေးများဖြင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ယဉ်ကျေးမှုအရလည်းကောင်း၊ ရင်းနှီးမှုအရလည်းကောင်း၊ စည်းရုံးရေးအရလည်းကောင်း ဆောင်ရွက်သင့်သော ကိစ္စရပ်များဖြစ်တဲ့အတွက် ဦးစောထွန်းမြအောင် ရဲ့ အဓိက အချက်အချာကျသော ချင်းပြည်နယ် နယ်စပ်တောင်တန်းဒေသရှိ ကျေးရွာများတွင် လိုအပ်လျက် ရှိပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေ ပြည်သူများ ငွေရမ်းမယ့် ဆရာ၊ ဆရာများအစား အစိုးရ ခန့်ထားမည့် ဆရာ၊ ဆရာမများ ဖြစ်သင့်ကြောင်းနဲ့ လစာစရိတ်များ ခံစားသုံးစွဲမည်ကို သုံးသပ်ရရှိပါကြောင်း ဥပဓိရုပ်မကောင်းသော ကျောင်းများ၊ ပြုပြင်ရေး တွဲဖက်မူလတန်း ကျောင်းများ၊ ဘုန်းတော်ကြီးနဲ့ သီလရှင်သင် မူလတန်းကျောင်းများမှ သတ်မှတ်အရည်အချင်းနဲ့ ကိုက်ညီတဲ့ ဆရာ၊ ဆရာမများအဖြစ် ခန့်ထားပေးရေးနဲ့အတူ နယ်စပ်နဲ့ တောင်တန်းဒေသများတွင် အနာဂတ်ဖွံ့ဖြိုးရေး ကျေးလက်ဗဟိုပြုလူငယ်သင်တန်းကျောင်းများကို ကျေးလက်ဒေသရဲ့ ကျေးရွာအုပ်စု(၁၀)စု ဖွဲ့စည်းလျက် ကျေးရွာရဲ့ လူဦးရေ အနည်းအများအပေါ် အခြေပြု၍ ကျေးရွာအုပ်စုကို အချက်အချာကျသည့် နယ်စပ်နေရာဒေသတွင် ကျောင်းဆောင်၊ ဘော်ဒါဆောင်များ ဆောက်လုပ်ပေးကာ ကျေးလက်ဗဟိုပြုလူငယ်ပျိုးခင်း သင်တန်းကျောင်းများ စတင်ဖွင့်လှစ် ပေးနိုင်ရေးအတွက် အခြေခံကောင်းများနဲ့အလေ့အကျင့်ကောင်းများအား စတင်၍ ကောင်းစွာ

ခံယူကျင့်သုံးကြစေရန် ရည်ရွယ်၍ မွန်မြတ်သော စိတ်စေတနာကောင်းဖြင့် အကြံပြု တင်ပြပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကောင်းမွန်သော အုပ်ချုပ်ရေးနဲ့ သန့်ရှင်းသောအစိုးရ ဖြစ်လာရန် ပညာရေးပြုပြင်ပြောင်းလဲမှုရဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ရေးမှာ လွန်စွာ အရေးကြီးပါကြောင်း အထူးသဖြင့် နိုင်ငံ၏ စာရိတ္တမဏ္ဍိုင်ကို ယိမ်းယိုင်အားပျော့ မှေးမှိန်စေခြင်းကို ကမ္ဘာနှင့် ရင်ဘောင်တန်းယှဉ်လိုလျှင် နိုင်ငံ၏ပုံရိပ်ကို ထည်ဝါစေမယ့် စာရိတ္တမဏ္ဍိုင်ကို ကြံ့ခိုင်စေရမည် ဖြစ်ပါတယ်။ ကျောင်းသင်ဘာသာရပ်တစ်ခု ဖြစ်သော တွဲဖက်သင်ရိုးဘာသာကို ကလေးများအား ထိထိရောက်ရောက် လက်တွေ့သင်ကြားစေခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်စေလာမည်ဖြစ်ကြောင်းနဲ့ ဘဝတစ်သက်စာ ကျွမ်းကျင်စရာအဖြစ် အသက်မွေးဝမ်းကျောင်း ဘာသာရပ်များ ဆည်းပူးနိုင်ပါမည့်အကြောင်း၊ နိုင်ငံသားတိုင်း ဘာသာရေး၊ လူမျိုးရေးခွဲခြားမှု မရှိစေဘဲ လွတ်လပ်စွာ ယူဆနိုင်သော သင်ယူမှု အခွင့်အလမ်းများ ပိုရအောင် စီမံပေး၍ တန်းတူ ရည်တူ ညီမျှစေရန်လိုအပ်ပါကြောင်း အခြေခံဥပဒေအပိုဒ် ၃၄ အပိုဒ် ၃၆၀ အပိုဒ် ၃၆၁ အပိုဒ်ခွဲ(က)(ခ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘာသာမရွေး၊ လူမျိုးမရွေး အခြေခံပညာအဆင့်မှ အဆင့်မြင့်ပညာအထိ တက်ရောက်သင်ကြားခွင့် ရရှိရေးအတွက် လက်ရှိကျောင်းဝင်ခွင့် ကျောင်းစည်းကမ်း သတ်မှတ်ချက်များ၊ သင်တန်းစည်းကမ်းများ၊ သင်ရိုးညွှန်းတမ်းများအား ပြန်လည်ပြုပြင်ရေးဆွဲကာ ပြင်ဆင်ဆောင်ရွက်ပေးပါရန် အနည်းငယ်လိုအပ်ပါလိမ့်မည်ဟု အကြံပြုတိုက်တွန်းလိုကြောင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ရဲ့ နယ်စပ်နဲ့တောင်တန်းဒေသများတွင် အနာဂတ်ဖွံ့ဖြိုးရေး အတွက် ကျေးလက်ဗဟိုပြု လူငယ်ပျိုးခင်းသင်တန်းကျောင်း စတင်ဖွင့်လှစ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ကျွန်တော် ဦးနိန်းခင်းပေါင် က လေးလေးနက်နက် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်းပြီး သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဒေါက်တာမောင်မောင်ဌေး (ဒုတိယဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာဂါရဝပြု ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေ အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် တင်သွင်းတဲ့ နယ်စပ်နှင့် တောင်တန်းဒေသများတွင် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဗဟိုပြု လူငယ်ပျိုးခင်းသင်တန်းကျောင်းများ ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့စပ်လျဉ်းပြီး သာသနာရေးဝန်ကြီးဌာနကိုယ်စား ဖြည့်စွက်ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ယခုအဆိုနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး (၄)ဦးကလည်း ရှုထောင့်အသီးသီးကနေ ဖြည့်စွက်ရှင်းလင်းဆွေးနွေးသွားခဲ့ကြပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ သာသနာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသများမှာရှိကြတဲ့ တိုင်းရင်းသား လူငယ်လူရွယ်များကို သက်ဆိုင်ရာဒေသ အသီးသီးမှာရှိတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အသိဉာဏ်မြင့်မားသော ပညာတတ် လူငယ်လူရွယ်များအဖြစ် ပါဝင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ချက်ချမှတ်ပြီး လူငယ်ပျိုးခင်းသင်တန်းကျောင်း (၂)ကျောင်းကို ၂၀၀၄ ခုနှစ်နဲ့ ၂၀၀၆ ခုနှစ်များမှ စတင်ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။

ဖွံ့ဖြိုးမှုနည်းပါးတဲ့ ချင်းပြည်နယ်မြောက်ပိုင်းဒေသမှာရှိတဲ့ တိုင်းရင်းသားလူငယ်လူရွယ်များကို ကလေးမြို့ နေရဥ္စရာလူငယ်ပျိုးခင်းသင်တန်းကျောင်းနဲ့ ချင်းပြည်နယ် တောင်ပိုင်းမှာရှိကြတဲ့ တိုင်းရင်းသား လူငယ်များကို ပခုက္ကူမြို့ တောင်ဇလပ်လူငယ်ပျိုးခင်း သင်တန်းကျောင်းများမှာ အခြေခံပညာမူလတန်းနဲ့ အလယ်တန်းပညာရပ်များကို ကျောင်းအိပ်ကျောင်းစား အခမဲ့ပညာ သင်ကြားပို့ချ ပေးလျက်ရှိပါတယ်။ ဒီကျောင်း(၂)ကျောင်းကနေ အထက်တန်းပညာ တက်ရောက်ဆည်းပူးခွင့် ရရှိတဲ့ ကျောင်းသူ/ကျောင်းသားများကိုတော့ သက်ဆိုင်ရာဒေသ အသီးသီးမှာရှိတဲ့

နယ်စပ်ရေးရာဝန်ကြီးဌာန န.တ.လ ကျောင်းများသို့ ဆက်လက်ပညာ သင်ကြားခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ယခုလို လူငယ်ပျိုးခင်း သင်တန်းကျောင်းများ ဖွင့်လှစ်ပြီးတော့ တိုင်းရင်းသား လူငယ်လူရွယ်များအား အခြေခံပညာနှင့် အဆင့်မြင့်ပညာရပ်များ အသက်မွေးဝမ်းကျောင်း ပညာရပ်များ အခမဲ့သင်ကြားပေးခြင်းအားဖြင့် နယ်စပ်နှင့်တောင်တန်းဒေသများရဲ့ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများကို ဖော်ဆောင်ပေးနေသည့် အထောက်အကူပြု လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ သာသနာရေးဝန်ကြီးဌာနအနေနဲ့ ဒီသင်တန်းကျောင်း(၂)ကျောင်း အပြင် ရှမ်းပြည်နယ်မြောက်ပိုင်း (၁၀၅)မိုင်ဒေသနဲ့ ကရင်ပြည်နယ် ပိုင်ကျုံဒေသတို့မှာ သာသနာပြု လေ့ကျင့်ရေးကျောင်းကိုလည်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးတို့မှာလည်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို ဖွင့်လှစ်ပြီးတော့ ပညာ သင်ကြားပို့ချပေးလျက်ရှိပါတယ်။ တိုင်းရင်းသားလူငယ်လူရွယ်များအားလုံး အသိဉာဏ် မြင့်မားရေး ယဉ်ကျေးလိမ္မာသော လူငယ်လူရွယ်များ ဖြစ်ပေါ်လာစေရန် နယ်စပ်နှင့် တောင်တန်းဒေသများသာမက မြန်မာနိုင်ငံတဝှမ်းလုံး၌ ယဉ်ကျေးလိမ္မာသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချဆောင်ရွက် ပေးလျက်ရှိပါတယ်။

ယခုအဆိုရှင် တင်သွင်းသွားတဲ့ အဆိုမှာ ဒီကျေးလက်ဗဟိုပြု လူငယ်ပျိုးခင်း သင်တန်းကျောင်းများကို ဖွင့်လှစ်ပေးရန်နဲ့ ပတ်သက်ပြီးတော့ ဝန်ကြီးဌာန(၄)ခုကို အဆိုပြု တင်သွင်းထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ သာသနာရေးဝန်ကြီးဌာနအပြင် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ကနေပြီးတော့မှ ဒီသင်တန်းကျောင်းတွေကို ဖွင့်လှစ်ပေးဖို့ ဆိုပြီးတော့မှ အကြံပြုတိုက်တွန်း ဆွေးနွေးသွားခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့တော့ ဒီသင်တန်းကျောင်း(၂)ကျောင်းကို လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်တဲ့အတွက် သာသနာရေးဝန်ကြီးဌာန ကိုယ်စား လာရောက်ပြီးတော့ ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် တင်သွင်းတဲ့ လူငယ်ပျိုးခင်းသင်တန်းကျောင်းများ ဖွင့်လှစ်ပေးရေး အဆိုဟာ နယ်စပ်နှင့်

တောင်တန်းဒေသ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ဖြစ်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုအမွေ ထိန်းသိမ်းစောင့်ရှောက် တတ်သော စိတ်ဓာတ်၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ခင်ရင်းနှီးတတ်သော စိတ်ဓာတ် မြင့်မားသည့် ပညာတတ်တိုင်းရင်းသားလူငယ်လူရွယ်များ ပေါ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ပေးနေသည့် အထောက်အကူပြု လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း သာသနာရေးဝန်ကြီးဌာန ကိုယ်စား ဖြေကြားရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် တင်သွင်းတဲ့ နယ်စပ်နှင့် တောင်တန်းဒေသများတွင် အနာဂတ်ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဗဟိုပြု လူငယ်ပျိုးခင်း သင်တန်းကျောင်း စတင် ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ ( ၁၆၂ )၊ ကန့်ကွက်မဲ ( ၆ )၊ ကြားနေမဲ ( ၁၁ ) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးစောထွန်းမြအောင် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) (ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီ) ၏ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အား အဆင့်မီဖွံ့ဖြိုးတိုးတက်သည့် ဇုန်အင်္ဂါရပ်များနှင့်ညီညွတ်စေရန် အကောင်အထည်ဖော်နိုင်ရေးနှင့် မြန်မာ - တရုတ် နှစ်နိုင်ငံကုန်သွယ်တံခါးမုခ်ဦးဖြစ်သည့် မူဆယ်မြို့အား နိုင်ငံကျက်သရေဆောင်မြို့ပြစီမံကိန်းရေးဆွဲ အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်၊မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး (ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီ) က မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အား အဆင့်မီဖွံ့ဖြိုးတိုးတက်သည့် ဇုန်အင်္ဂါရပ်များနှင့် ညီညွတ်စေရန် အကောင်အထည်ဖော်နိုင်ရေးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်တံခါးမုခ်ဦးဖြစ်သည့် မူဆယ်မြို့အား နိုင်ငံကျက်သရေဆောင်မြို့ပြစီမံကိန်းရေးဆွဲ အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ရန်နဲ့ စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ဒေါ်နန်းနီနီအေး အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ချစ်ခင်လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အား အဆင့်မီ ဖွံ့ဖြိုးတိုးတက်သည့် ဇုန်အင်္ဂါရပ်များနှင့် ညီညွတ်စေရန် အကောင်အထည်ဖော်နိုင်ရေးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်တံခါးမုခ်ဦးဖြစ်သည့် မူဆယ်မြို့အား နိုင်ငံကျက်သရေဆောင် မြို့ပြစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်

တည်ဆောက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အမျိုးသားလွှတ်တော် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီ ကိုယ်စား တင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မရဲ့အဆိုအား ကြည့်ရှုဖတ်ကြားခွင့်ပြုပါရန် ကြိုတင်ပန်ကြားအပ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ မှ ၁၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရဲ့ (၈)ကြိမ်မြောက် မြန်မာ-တရုတ် ကုန်စည်ပြပွဲ တက်ရောက်ဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမျိုးသားလွှတ်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီကို ဖိတ်ကြားခဲ့တဲ့အတွက် ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ဖြင့် ကော်မတီဝင်အချို့နဲ့အတူ ကျွန်မ တက်ရောက်ခဲ့ပါတယ်။ မြန်မာ-တရုတ် ကုန်စည်ပြပွဲ တက်ရောက်ခဲ့တဲ့ တွေ့ရှိချက်များနဲ့ တရုတ်နိုင်ငံ ကျယ်ဂေါင်-ရွှေလီ ဒေသသို့ သွားရောက်ခဲ့တဲ့ ခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ဒေသဖွံ့ဖြိုးတိုးတက်မှု နှိုင်းယှဉ်လေ့လာချက်အရ နောင်နှစ် (၂၀)၊ (၃၀) တို့မှာ တရုတ်နိုင်ငံ ကျယ်ဂေါင်-ရွှေလီ ဒေသဖွံ့ဖြိုးတိုးတက်မှုကို မြန်မာ-မူဆယ်ဒေသမှ ဖွံ့ဖြိုးတိုးတက်မှုဖြင့် နှိုင်းယှဉ်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီအနေဖြင့် ယခုလို အဆိုတင်သွင်းရခြင်းဖြစ်ကြောင်း ရှေးဦးစွာ ပြောကြားလိုပါတယ်ရှင်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ဟာ ရှမ်းပြည်မြောက်ပိုင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့မှာ တည်ရှိပါတယ်။ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရဲ့ ဧရိယာဟာ (၃၇၀.၈၁) ဧက ကျယ်ဝန်းပြီး ကျပ်သန်းပေါင်း ငါးထောင်ကျော် အကုန်အကျခံ၍ ၂၀၀၅ ခုနှစ်၊ မတ်လမှာ စတင်တည်ဆောက်ထားခဲ့ပါတယ်။ နိုင်ငံတော်ဘတ်ဂျက်ကနေ သုံးစွဲခြင်းမဟုတ်ဘဲနဲ့ ဇုန်မြေကွက်ဖော်ထုတ် ရရှိငွေနဲ့ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် တည်ဆောက်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ (က) မိမိ နိုင်ငံဘက်မှ ဈေးကွက်ဖြစ်ပေါ်စေရေး (ခ) မိမိနိုင်ငံ ထွက်ကုန်ပစ္စည်းများကို ကြိုက်ဈေးဖြင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး (ဂ) မိမိနိုင်ငံ ထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့် (Value Added) ပြုပြင်၍ တင်ပို့ခြင်းဖြင့် ဝင်ငွေ ပိုမိုတိုးတက်ရရှိရေး (ဃ) နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ စနစ်တကျ ကူးပြောင်းနိုင်ရေးတို့ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်မှုပမာဏရဲ့ (၇၀)ရာခိုင်နှုန်းဟာ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ပြုလုပ်ခြင်းဖြစ်ပါတယ်။ ဒီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏဟာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှာ အမေရိကန်ဒေါ်လာ (၄၈၈.၅၂၇) သန်းရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေး နှစ်မှာတော့ အမေရိကန်ဒေါ်လာ (၂၇၆၈.၈၈၈) သန်းရှိကြောင်း တွေ့ရှိရပါတယ်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ဖွင့်လှစ်ခြင်းကြောင့် ကုန်သွယ်မှုပမာဏဟာ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာကြောင်း တွေ့ရှိရသော်လည်း ကုန်သွယ်ရေးဇုန် တည်ဆောက်ရခြင်းရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ မိမိနိုင်ငံဘက်တွင် ဈေးကွက်ဖြစ်ပေါ်စေရေး၊ မိမိ ထွက်ကုန်ပစ္စည်းများကို ကြိုက်ဈေးဖြင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး၊ မိမိနိုင်ငံ၏ ထွက်ကုန်ပစ္စည်းများ တန်ဖိုးမြှင့် (Value Added) ပြုပြင်၍ တင်ပို့ခြင်းဖြင့် ဝင်ငွေ ပိုမိုတိုးတက်ရရှိရေး စတဲ့ ရည်မှန်းထားချက်တွေ ဖြစ်မြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသေးတာကို လေ့လာတွေ့ရှိရပါတယ်။

ဒီ ရည်ရွယ်ချက်တွေ အောင်မြင်အောင် အကောင်အထည်မဖော်နိုင်ခြင်းဟာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှု အခွန်စနစ်များ၊ ခေတ်စနစ်များနဲ့ အံဝင်ခွင်ကျမှု မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးနဲ့ ဝန်ဆောင်မှုစတဲ့ အခြေခံအဆောက်အအုံများ အားနည်းခြင်းတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ရည်ရွယ်ချက်တွေ အောင်မြင်အောင် အကောင်အထည်ဖော်တဲ့နေရာမှာ အဟန့်အတား ဖြစ်နေတဲ့ အခြားအကြောင်းတစ်ခုကတော့ မူဆယ်တစ်ဖက်ကမ်းရှိ တရုတ်နိုင်ငံ၊ ကျယ်ဂေါင်-ရွှေလီ ကုန်သွယ်ရေးဇုန်ရဲ့ လွှမ်းမိုးမှုကို ခံနေရခြင်းပင်ဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ကျွန်မတို့ နိုင်ငံထက် ပိုမိုဖွံ့ဖြိုးတိုးတက်တဲ့အတွက် ကုန်သွယ်မှုမှာလည်း အသာစီးရလျက် ရှိနေပါတယ်။ တရုတ်နိုင်ငံရဲ့ ကျယ်ဂေါင်ကုန်သွယ်ရေးဇုန်ဟာ ဧက(၃၀)သာ ကျယ်ဝန်းသော်လည်း ဇုန်ရဲ့ ပတ်ဝန်းကျင်မှာ ကားရပ်နားစခန်းများ၊ ကုန်ချကွင်းနှင့်ကုန်ချရန် ဂိုဒေါင်များ၊ ကုန်ပစ္စည်းပိုးမွှားစစ်ဆေးရန်နေရာများ သီးခြားရှိနေခြင်းနဲ့ မြို့ပြအဆောက်အဦနဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ နိုင်ငံခြားသားကုန်သည်များ၊ ခရီးသွားများ ဝင်ရောက်ရန်၊ တည်းခိုရန်၊ ကုန်သွယ်မှုပြုလုပ်ရန်၊ လူနေပွဲရုံများ ဝယ်ယူနေထိုင်ရန်၊ လုပ်ငန်းအတွက် အခွန်ပေးဆောင်ရန်၊ အပန်းဖြေစရာနေရာများ စတဲ့မြို့ပြ

အုပ်ချုပ်မှုဆိုင်ရာနှင့် ကုန်သွယ်မှုဇုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများဟာ တင်းကျပ်မှု မဖြစ်စေဘဲ အတတ်နိုင်ဆုံး ဖြေလျှော့ထားများခြင်းကြောင့် ကုန်သွယ်မှုဈေးကွက်ဟာ တစ်နှစ်ထက်တစ်နှစ် ကြီးမားလာလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အစိုးရက သူတို့ရဲ့လုပ်ငန်းရှင် ကုန်သည်များရဲ့ အကျိုးစီးပွားအပေါ် ဦးစားပေးခြင်းနဲ့ အမြဲတမ်း အကာအကွယ်ပေးနေခြင်းကြောင့်လည်း ကျယ်ဂေါင်ဇုန် ဖွံ့ဖြိုးတိုးတက်နေရခြင်းဖြစ်ပါတယ်။ ကျယ်ဂေါင်ဈေးကွက်ကို မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ဈေးကွက်ပြောင်းရွှေ့ မရောက်ရှိစေရေးအတွက် ယူနန်အစိုးရက ရွှေလီမြို့ အုပ်ချုပ်ရေးအာဏာပိုင်တို့နှင့် သူတို့ရဲ့လုပ်ငန်းရှင်များ၊ ကုန်သည်များ ညီညီညွတ်ညွတ်နဲ့ ဟန့်တား ဆောင်ရွက်လျက်ရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ယခုအချိန်မှာ တရုတ်နိုင်ငံအစိုးရအနေနဲ့ ကျယ်ဂေါင်- ရွှေလီကို ရွှေလီမြို့ အထူး တံခါးဖွင့်စီးပွားရေးစီမံကိန်း စမ်းသပ်ဇုန်နှင့် အနောက်တောင် ရွှေရောင်မုခ်ဦး ဖွင့်လှစ်မယ့် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒီစီမံကိန်း ဧရိယာမှာ ရွှေလီ- ကျယ်ဂေါင်ဒေသနဲ့ ဝမ်တိန်ဒေသတို့ အပါအဝင် စတုရန်းကီလိုမီတာ(၃၀၀) ကျယ်ဝန်းကြောင်း သိရှိရပါတယ်။

ဖော်ပြပါဇုန် ဖွင့်လှစ်ရခြင်းရဲ့ ၎င်းတို့ရဲ့ ရည်ရွယ်ချက်ကတော့ တရုတ်ပြည် အနောက်ဘက်ခြမ်းရှိ ယူနန်ပြည်နယ်ဟာ ကုန်းတွင်းပိတ်ဒေသဖြစ်တဲ့အတွက် ၎င်းရွှေလီ အထူးစီးပွားရေးဇုန်ကနေ အိန္ဒိယနိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် ပင်လယ်ရပ်ခြား ကုန်သွယ်မှုကို ကျောက်ဖြူ ရေနက်ဆိပ်ကမ်းမှတစ်ဆင့် ဆောင်ရွက်ဖို့အတွက် ဖြစ်ပါတယ်။ ယခု ယူနန်ပြည်နယ်မြို့တော် ကူမင်းမြို့ကနေပြီးတော့ လားရှိုးမြို့အထိ မီးရထားလမ်းဖောက်လုပ်ရန် စီမံလျက် ရှိနေပြီ ဖြစ်တယ်။ သူတို့ရဲ့စီမံကိန်း ရှေ့ပြေး ဆောင်ရွက်နေခြင်းအနေနဲ့ မူဆယ်နှင့် ပန်ဆိုင်းကြူကုတ် အကြားမှာရှိတဲ့ နှစ်နိုင်ငံနယ်စပ် ကျင်စန်းကျော့ရွာကနေ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ (၂)မိုင်ကွာဝေးတဲ့ မော်တော်ကားလမ်းကို တရုတ်ရဲ့ အစီအမံနဲ့ အဆင့်မြှင့်လမ်းအဖြစ် ၂၀၁၂ ခုနှစ်မှာ ဖောက်လုပ်ပြင်ဆင်ထားပေးခဲ့ပြီး ဖြစ်တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

အိန္ဒိယနိုင်ငံကလည်း အရှေ့မျှော်ပေါ်လစီဖြင့် ၎င်းတို့ရဲ့ ကုန်သွယ်မှုကို မြန်မာနိုင်ငံမှတစ်ဆင့် တရုတ်၊ အရှေ့အာရှနိုင်ငံများသို့ ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်ရန် စီမံလျက်ရှိရာမှာ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း AEC ကို အပြည့်အဝ စတင်အကောင်အထည်ဖော်တဲ့အချိန်မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများ တိုးတက်ဆောင်ရွက်လာကြမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ မူဆယ် ၁ဝ၅ မိုင်ကုန်သွယ်ရေးဇုန်ဟာ အဓိကကျတဲ့နိုင်ငံတကာနယ်စပ်ကုန်သွယ်ရေး ဝင်/ထွက်တံခါးဝ မုခ်ဦး မလွဲမသွေဖြစ်လာမှာ ဖြစ်ပါတယ်။

ယခုလက်ရှိ မူဆယ် ၁ဝ၅ မိုင် ကုန်သွယ်ရေးဇုန်နှင့် ကုန်သွယ်မှုဝင်/ထွက် တံခါးဝဖြစ်တဲ့ မူဆယ်မြို့အခြေအနေမှာ မူဆယ် ၁ဝ၅ မိုင် ကုန်သွယ်ရေးဇုန်ကနေပြီးတော့ နယ်စပ်ဂိတ်သို့ သွားသော မော်တော်ကားလမ်းဟာ (၇)မိုင်ကွာဝေးပြီး ကားလမ်းကလည်း ကျဉ်းပြီး အကွေ့အကောက်များတဲ့အတွက် (၁၀)ဘီး၊ (၁၂)ဘီးတပ် ကုန်တင်ယာဉ်ကြီးများ တစ်စီးနှင့်တစ်စီး ရှောင်တိမ်းရန် များစွာခက်ခဲလျက်ရှိနေတာကို တွေ့ရပါတယ်။ ကုန်တင်ယာဉ်ကြီးများအတွက် မြို့ရှောင်ကွင်းလမ်း သတ်မှတ်ထားပေးသော်လည်းပဲ မြို့ပြင်ပကနေ ကွင်းသော လမ်းမဟုတ်ဘဲ မြို့တွင်း အခြားလမ်း ကနေ သွားခြင်းသာဖြစ်ပါတယ်။ ၎င်းမြို့ရှောင်လမ်းဟာ နယ်စပ်ဝင်/ထွက် ဂိတ်ကို မရောက်မီ မြို့ရဲ့ အဓိကပင်မလမ်းနဲ့ ပြန်ဆုံတဲ့အတွက် ၎င်းဆုံသည့်နေရာကနေ ဝင်/ထွက် နယ်စပ်ဂိတ်အထိ ကားကြီးများ နေ့စဉ်အချိန်ပြည့် ပိတ်ဆို့လျက်ရှိပြီး လူစီးယာဉ်ငယ်များပင် ဒီလမ်းကို အသုံးမပြုနိုင်တော့ဘဲ အခြားလမ်းများမှ ရှောင်ကွင်းပြီး ခက်ခက်ခဲခဲ အချိန်ကုန် သွားလာနေရတာကိုလည်း ကိုယ်တွေ့ကြုံခဲ့ရပါတယ်။

မူဆယ်မြို့ဟာ ယခင်ကျေးရွာအဆင့်မှာ ရှိနေတဲ့လမ်း အကွက်အကွင်း အတိုင်းရှိနေပြီး မြို့အဆင့်နဲ့ ညီညွတ်ဖို့အတွက် လမ်းများ ဖြောင့်ခြင်း၊ ချဲ့ခြင်း၊ အိမ်မြေကွက်များ စနစ်တကျ ပြန်လည်ပြင်ဆင်မှု မပြုလုပ်နိုင်ခြင်းနဲ့ မြို့ကွက်သစ် ဖော်ထုတ်မှုမှာလည်း နောင်နှစ် (၅၀)၊ (၁၀၀)အထိ အဆင့်မီမြို့ဖြစ်ရန် ရည်ရွယ်ဖော်ထုတ်မှုမရှိခြင်းကြောင့် ကုန်သွယ်မှု တိုးတက်လာတာနဲ့အမျှ မြို့ရဲ့လမ်းများပေါ်မှာ ကားကြီး/ကားငယ်များ၊ အနှေးယာဉ်များ၊ သွားလာလှုပ်ရှားနေသူများ ရှုပ်ထွေးပြီး မတော်တဆ ထိခိုက်မှုများလည်း ပိုမိုများပြားလာကြောင်း လေ့လာတွေ့ရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ မြန်မာ-တရုတ်နယ်စပ် ဝင်/ထွက်မုခ်ဦးတံခါးဝမှာ ရှိတဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများရဲ့ ရုံးများ၊ တံခါးဝမုခ်ဦး အဆောင်အယောင် အဆောက်အဦ အခင်းအကျင်းများဟာ တစ်ဖက်နိုင်ငံနဲ့ နှိုင်းယှဉ်လျှင် များစွာ အဆင့်နိမ့်နေတဲ့အတွက် နိုင်ငံရဲ့ဂုဏ်သိက္ခာ မညှိုးနွမ်းရအောင် ဒီလို နယ်စပ်ဒေသနေရာမျိုးမှာ သက်ဆိုင်ရာ ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ခန့်ခန့်ထည်ထည် အဆောင်အယောင်၊ အခင်းအကျင်းများကို အထူးတလည် စီမံဆောင်ရွက်ထားပေးဖို့ လိုအပ်ပါတယ်။

မြန်မာဘက်ကနေပြီးတော့ တရုတ်နိုင်ငံ ကျယ်ဂေါင်-ရွှေလီဘက်ကို ကူးသွားလိုက်တာနဲ့ ကျယ်ဂေါင်မြို့ရဲ့ လူနေအဆောက်အဦများဟာ လမ်းကျယ်ကြီးများနဲ့အကွက်အကွင်းကျကျ တည်ဆောက်ထားရှိမှု၊ စတိုးဆိုင်ကြီးများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ ပန်းခြံကြီးများ၊ မြို့၏သန့်ရှင်း သပ်ရပ်မှုများ၊ မြို့ကို ရေမီး အပြည့်အစုံနဲ့ အဆင့်မြင့် ဆောင်ရွက်ထားမှုများကို တွေ့မြင်ရသည့်အခါ မိမိတို့ရဲ့ မူဆယ်မြို့ လူနေမှုအဆင့်နဲ့ ကျယ်ဂေါင်-ရွှေလီမြို့တို့ရဲ့ လူနေမှုအဆင့်ဟာ များစွာကွာခြားနေတဲ့အတွက် နိုင်ငံတကာအမြင်မှာ နိုင်ငံနှင့်လူမျိုးတို့ရဲ့ ဂုဏ်ကို မြှင့်တင်နိုင်ဖို့ မူဆယ်မြို့ကိုလည်း အဆင့်မီမြို့ဖြစ်ရန် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေး ဇုန်နှင့် ပေါင်းစပ်ပြီး ခေတ်မီတဲ့ မြို့ပြစီးပွားရေးဇုန် စီမံကိန်းကြီးကို ရေးဆွဲ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ယခုအချိန်မှာတော့ ရှမ်းပြည်နယ်အစိုးရရဲ့ အစီအမံနဲ့ တည်ဆောက်ရေး ကုမ္ပဏီအချို့ကို တာဝန်ပေးပြီးတော့ လူနေအဆောက်အအုံများ၊ အဝေးပြေးယာဉ်ရပ်နားကွင်းများ တည်ဆောက်လျက်ရှိနေတာကို တွေ့ရှိရသော်လည်း မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ဝန်းကျင်နှင့် နယ်စပ် အဝင်/အထွက် ဆက်သွယ်ရေးလမ်းကြောင်း ဘေးဘီ ဝဲ/ယာ တစ်လျှောက်မှာ ဒေသခံတွေက မိမိတို့ရဲ့ အစီအစဉ်နဲ့ပဲ မြေနေရာဦးထားခြင်း၊ လူနေဆိုင်ခန်း ဆောက်လုပ်ထားတာတို့ စက်သုံးဆီအရောင်းဆိုင်များ ဆောက်လုပ်ထားတာတွေကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

တရုတ်နိုင်ငံဘက်မှာ ကျယ်ဂေါင်-ရွှေလီကနေ ဝမ်တိန်မြို့အထိ အထူးစီးပွားရေး စမ်းသပ်ဇုန်ကြီး တည်ဆောက်သလို ကျွန်မတို့နိုင်ငံဘက်ကလည်း သူတို့နဲ့ယှဉ်ပြီး မူဆယ်မြို့မှ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် အပါအဝင် ပန်ဆိုင်းကြူကုတ်အထိ လွတ်လပ်သော စီးပွားရေးဇုန် (Free Trade Zone) ပြုလုပ်ရန် လိုအပ်နေကြောင်း တွေ့ရှိရပါတယ်။ ဇုန်ကြီးတည်ဆောက်

တော့မယ့်အချိန်မှာ မလွတ်တဲ့အဆောက်အဦတွေ၊ စိုက်ပျိုးမြေတွေ ဖယ်ရှားပေးဖို့ ညှိနှိုင်းဆောင်ရွက်ရခြင်း၊ လျော်ကြေးပေးပြီးတော့ ပြောင်းရွှေ့နေရာအသစ် ပြန်ပေးရခြင်းမျိုး မကြုံတွေ့ရစေဖို့ စီမံကိန်းအတွက် ယခုအချိန်မှ ကြိုတင်စီမံပြုလုပ်ထားဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယခုအချိန်ကတည်းက မြန်မာနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်မှု ပမာဏရဲ့ (၇၀)ရာခိုင်နှုန်း ကုန်သွယ်မှုပြုနေတဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ မူဆယ်မြို့ အပါအဝင် ဒေသအား တရုတ်နိုင်ငံဘက်ကဲ့သို့ နှောင်နှစ်ပေါင်းကြာရှည်ခေတ်မီပြီး အဘက်ဘက်က ပြီးပြည့်စုံတဲ့ စီးပွားရေးကုန်သွယ်မှုဇုန်ကြီး ဖြစ်ပေါ်လာရေး၊ ပြည်ထောင်စုအဆင့် ဇုန်ဖြစ်မြောက်ရေး ကော်မရှင် ဖွဲ့စည်းပေးခြင်းနှင့် ပြည်တွင်းမှကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံခြား ပညာရှင်များကို ဖိတ်ခေါ်ပြီး ပူးပေါင်းရေးဆွဲအကောင်အထည်ဖော်နိုင်ရန် အမျိုးသားလွှတ်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆောင်ရွက်ဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၂။**

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်နန်းနီနီအေး ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆) ဥက္ကဋ္ဌ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီရဲ့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေး ဇုန်အား အဆင့်မီဖွံ့ဖြိုးတိုးတက်သည့် ဇုန်အင်္ဂါရပ်များနှင့်ညီညွတ်စေရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးမုခ်ဦးဖြစ်သည့် မူဆယ်မြို့အား နိုင်ငံ့ကျက်သရေဆောင် မြို့ပြစီမံကိန်းရေးဆွဲအကောင်အထည်ဖော် တည်ဆောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉) ကျွန်တော် ဦးသိန်းဝင်း က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းနီနီအေး တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အား အဆင့်မီဖွံ့ဖြိုးတိုးတက်သည့် ဇုန်အင်္ဂါရပ်များနှင့် ညီညွတ်စေရန် အကောင်အထည်ဖော်နိုင်ရေးနှင့် မြန်မာ - တရုတ် နှစ်နိုင်ငံကုန်သွယ်တံခါးမုခ်ဦး ဖြစ်သည့် မူဆယ်မြို့အား နိုင်ငံကျက်သရေဆောင် မြို့ပြစီမံကိန်းရေးဆွဲ အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူ ပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါ်နန်းနီနီအေး ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒေါ်နန်းနီနီအေး တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ ကျန်းမာရေးဝန်ကြီး ဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေများတွင် သက်ရှိကျောက်ကပ်အစားထိုးခြင်းကို ညီအစ်ကို မောင်နှမအချင်းချင်း ၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီးအရင်းတို့သို့ ကျောက်ကပ်ကို အစားထိုးခွဲစိတ် ကုသခွင့်အပြင် တစ်ဝမ်းကွဲ ကျောက်ကပ်လှူခြင်းအား ခွင့်ပြုသည့်ဥပဒေ ပြဋ္ဌာန်းနိုင်ရေးကို စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး က ကျန်းမာရေး ဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေများတွင် သက်ရှိကျောက်ကပ် အစားထိုးခြင်းကို ညီအစ်ကို မောင်နှမအချင်းချင်း၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီး အရင်းတို့သို့ ကျောက်ကပ်ကို အစားထိုးခွဲစိတ် ကုသခွင့်အပြင် တစ်ဝမ်းကွဲ ကျောက်ကပ် လှူခြင်းအား ခွင့်ပြုသည့်ဥပဒေ ပြဋ္ဌာန်းနိုင်ရေးကို စီမံဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း လွှတ်တော်သို့ ပေးပို့ထားပါတယ်။ ဦးမှတ်ကြီး အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် တင်သွင်းရမယ့်အဆိုကတော့ ကျန်းမာရေး ဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေများမှာ သက်ရှိကျောက်ကပ် အစားထိုးခြင်း ကို ညီအစ်ကို မောင်နှမအချင်းချင်း၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီးအရင်းတို့သို့ ကျောက်ကပ်ကို အစားထိုးခွဲစိတ် ကုသခွင့်အပြင် တစ်ဝမ်းကွဲ ကျောက်ကပ်လှူခြင်းကို ခွင့်ပြုသည့်ဥပဒေ ပြဋ္ဌာန်းနိုင်ရေးကို စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဒီအဆို ဖြစ်ပေါ်လာတဲ့ အကြောင်းအရင်းကတော့ ကျွန်တော့် မဲဆန္ဒနယ်မြေက ပြည်သူတစ်ယောက်ဟာ သူ့ရဲ့ဇနီးအား ကျောက်ကပ်အလုပ်မလုပ်တဲ့အတွက် ဒါကို ကျွန်တော်တို့ ကျောက်ကပ်ဆေးရုံမှာ ကျွန်တော်တို့ သွားပြီးတော့ ဆေးရုံကြီးမှာ သွားပြီးတော့ ကုသပါတယ်။ ကုသတဲ့အခါမှာ ကျောက်ကပ်ဆေးတဲ့လုပ်ငန်းကို တစ်ပတ်ကို (၂)ကြိမ်၊ တစ်ကြိမ်လျှင် ကျပ်(၇၀၀၀၀)နှုန်းနဲ့ တစ်လအတွက် ကျွန်တော်တို့ ကျပ်(၅၆၀၀၀၀)ကျော် ကုန်ကျခဲ့ပါတယ်လို့ ပြောပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒါကို ကျောက်ကပ်ကို အစားထိုး ကုသနိုင်မယ် ဆိုရင်တော့ဖြင့် ကောင်းမယ်ဆိုတဲ့ အတွက် ရန်ကုန်ဆေးရုံကြီးကို သွားပြီးတော့ ကျွန်တော်တို့ ဒါကျောက်ကပ်အစားထိုးဖို့ သွားလုပ်ပါတယ်။ လုပ်တဲ့အခါမှာ သူ့ရဲ့မိဘတွေကလည်း မရှိတော့ဘူး။ နောက်တစ်ခါ သူ့မှာရှိတဲ့ မောင်တစ်ယောက် ရှိပါတယ်။ အဲဒီပုဂ္ဂိုလ်ကို ဆေးကုသနိုင်ဖို့အတွက်၊ ကျောက်ကပ် အစားထိုးနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ဆေးစစ်တဲ့ အခါမှာ ဘီပိုးရှိတဲ့အတွက် သူကလည်း ဆောင်ရွက်လို့မရတာကို တွေ့ရပါတယ်။

ဒါကြောင့်မိုလို့ နောက်ထပ်လှူမယ့်သူ၊ ပေးမယ့်သူတစ်ယောက်ကို ရှာခဲ့ပါ ဆိုပြီးတော့ ပြောပါတယ်။ ပြောတဲ့အတွက် ရှာတဲ့အခါမှာတော့ သူ့ရဲ့မိဘတွေဟာ ဆုံးပါးသွားတဲ့ဟာမျိုး ရှိပါတယ်။ သူ့ဇနီးရဲ့အစ်မကလည်း အသက်(၆၀)ကျော်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပေးဖို့ အခက်အခဲ ဖြစ်ပါတယ်။ နောက်တစ်ခါ သားသမီးဆိုတဲ့အခါမှာကျတော့လည်း (၁၁)နှစ်သားသာ ရှိတဲ့အတွက် ဒါတွေကို ပေးဖို့အတွက် မဖြစ်နိုင်ဘူး။ မဖြစ်နိုင်တဲ့အတွက် ဆက်လက် ဆောင်ရွက်၍ မရနိုင်တော့တဲ့အတွက် ကျွန်တော်တို့ ဒါကို ဆရာဝန်ကြီးများကတော့ မောင်နှစ်မ အရင်းအချင်းချင်း၊ အရင်းချင်းသာလျှင် ကျွန်တော်တို့ ခွင့်ပြုတဲ့အတွက် ဒါလေးကိုဖြင့် ကျွန်တော်တို့ ဘယ်လိုများ လုပ်ပေးနိုင်လည်းဆိုတာ ကျွန်တော့်ဆီကိုလာပြီးတော့ ဆွေးနွေးလာ ပါတယ်။s

ကျွန်တော်ကလည်း ဆေးပညာနယ်ပယ်က ပုဂ္ဂိုလ်မဟုတ်တဲ့အတွက် ကျွန်တော်လည်း ကျန်းမာရေးဝန်ကြီးဌာနကို ကြယ်ပွင့်မပြတဲ့ မေးခွန်းတစ်ခု ကျွန်တော် မေးခဲ့ပါတယ်။ အဲဒီ မေးခွန်းကတော့ ဘာလဲဆိုရင် ပြည်တွင်းမှာ ကျောက်ကပ်အစားထိုးဆောင်ရွက်ခွင့်ကို ခုနတုန်းက အခြေအနေများကို ဖော်ပြပြီးတော့ ကျန်းမာရေးဌာနက ခွင့်ပြုမယ်ဆိုရင်တော့ဖြင့် နိုင်ငံသားများရဲ့ အကျိုးကို ဖြည့်တင်းနိုင်မယ့် ဆောင်ရွက်နိုင်ခွင့် ရှိ/မရှိဆိုတဲ့ မေးခွန်းကို ကျွန်တော် မေးခဲ့ပါတယ်။

အဲဒီလို မေးခဲ့တဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနက ကျွန်တော့်ကို ကြယ်ပွင့်မပြ မေးခွန်း ကျွန်တော့်ကို ဖြေကြားလာပါတယ်။

သူ့ဖြေကြားချက်ကတော့ ဘာလဲဆိုရင် မြန်မာနိုင်ငံမှာ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်းကို ၁၉၉၇ ခုနှစ်၊ မေလမှာ ပထမဦးဆုံးအကြိမ် မြန်မာပညာရှင်များနဲ့ အောင်မြင်စွာ ခွဲစိတ်ကုသခဲ့ပါတယ်။ ဒီအချိန်မှစပြီးတော့ ဒီနေ့အထိ ပြဋ္ဌာန်းထားတဲ့ ဥပဒေများအရ သက်ရှိကျောက်ကပ်အစားထိုးခြင်းကို ညီအစ်ကို မောင်နှမအရင်းအချင်းချင်း၊ သားသမီး အရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီးအရင်းမှ ကျောက်ကပ်ကိုသာ အစားထိုး ခွဲစိတ်ကုသပေးခဲ့ပြီး အိမ်နီးချင်းနိုင်ငံများနှင့် အနောက်နိုင်ငံများကဲ့သို့ တစ်ဝမ်းကွဲ လှူဒါန်းခြင်းနှင့် ဆွေမျိုးမတော်သူများမှ ကျောက်ကပ်လှူဒါန်းခြင်းများကို ဥပဒေအရ ခွင့်ပြုထားခြင်း မရှိသေးကြောင်း၊ ဒါကြောင့်မို့လို့ ကျောက်ကပ်အစားထိုး လဲလှယ်ကုသခွင့် ခံယူမယ့်သူရဲ့ တူအရင်း သို့မဟုတ် တစ်ဝမ်းကွဲတော်စပ်သူ ဆွေမျိုးများထံမှ ကျောက်ကပ်ဖြင့် မြန်မာပြည်တွင် အစားထိုးမရခြင်းသာ ဖြစ်ပါတယ်လို့ ပြန်ကြားလာပါတယ်။

သူ့ရဲ့ဖြေကြားချက်မှာ ဆက်ပြီးတော့ ဖော်ပြထားတာကတော့ ဘာလဲဆိုရင် ဒီအချိန်မှာ ဆွေမျိုးအရင်းအချာများကိုသာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသရန် ဥပဒေအရ ခွင့်ပြုထား သဖြင့် ကျောက်ကပ် အစားထိုးရန် အခွင့်အလမ်းနည်းပါးသည်ဟု ဆိုနိုင်ပါသည်။ တစ်ဝမ်းကွဲ ဆွေမျိုးများအား အစားထိုးကုသခွင့်ရမယ်ဆိုပါက ကျောက်ကပ်ရောဂါဝေဒနာရှင်များအတွက် ကျောက်ကပ် အစားထိုး ကုသခွင့်ဟာ ပိုမိုရရှိလာနိုင်မယ်လို့ သူက ဖြေကြားခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ဒီဖြေကြားချက်အရ ကျွန်တော်က ဒီမေးခွန်းကို မေးခွန်းကနေပြီးတော့ ကျွန်တော် အဆိုအဖြစ်နဲ့ ပြောင်းပြီးတော့ တင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆေးပညာ အရလည်း ဆောင်ရွက်နိုင်ပြီးတော့ ဥပဒေပြဋ္ဌာန်းချက် မရှိသေး၍သာ ဆောင်ရွက်နိုင်ခြင်း မရှိသေးတဲ့အတွက် ဥပဒေကို ပြင်ဆင်ဖြည့်စွက်လိုက်ခြင်းဖြင့် ပြည်တွင်းမှာရှိသော ငွေကြေး မတတ်နိုင်တဲ့ ကျောက်ကပ်ဝေဒနာရှင်များအတွက် အဆင်ပြေနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူများရဲ့ အကျိုးကို မျှော်ကိုး၍ လိုအပ်တဲ့ ဥပဒေများကို ပြင်ဆင်ရေးဆွဲပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆောင်ရွက်ဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး တင်သွင်းသော ကျန်းမာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေများတွင် သက်ရှိကျောက်ကပ် အစားထိုးခြင်းကို ညီအစ်ကို မောင်နှမ အချင်းချင်း၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီးအရင်းတို့သို့ ကျောက်ကပ်ကို အစားထိုးခွဲစိတ် ကုသခွင့်အပြင် တစ်ဝမ်းကွဲ ကျောက်ကပ်လှူခြင်းအား ခွင့်ပြုသည့် ဥပဒေ ပြဋ္ဌာန်းနိုင်ရေးကို စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ဒေါက်တာစိုးဝင်းမှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမှတ်ကြီး တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ကျန်းမာရေး ဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေများတွင် သက်ရှိကျောက်ကပ် အစားထိုးခြင်းကို ညီအစ်ကို မောင်နှမ အချင်းချင်း၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီးအရင်းတို့သို့ ကျောက်ကပ်ကို အစားထိုးခွဲစိတ် ကုသခွင့်အပြင် တစ်ဝမ်းကွဲ ကျောက်ကပ်လှူခြင်းအား ခွင့်ပြုသည့်ဥပဒေ ပြဋ္ဌာန်းနိုင်ရေးကို စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူ ပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမှတ်ကြီး ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ။** ။ ဦးမှတ်ကြီး တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၉)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၀)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစည်းအဝေးကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]